


# CBCM Herald


စီဘီစီအမ် သတင်း

(၁၅)ရက်၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်။
အတွဲ(၁)၊ အမှတ်(၈)

cbcmosc@gmail.com
၀၉၅ ၁ ၅၂၅၀၀၈











ကမ္ဘာအရပ်ရပ်သို့သွား၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)








**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွိစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရှိစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဇေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဒိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

# မယ်တော်သခင်မ ကောင်းကင်သို့ ပင့်ဆောင်ခံရခြင်းပွဲတော်

လူသားတို့၏ ကနဦး အစမှသည် ယနေ့အချိန်ထိတိုင် စွဲမြဲသော ယုံကြည်ချက် တစ်ခုရှိသည်။ လူမျိုးမရွေး၊ ဘာသာမရွေး ခိုင်မာစွာယုံကြည်ကြသည့်အလျောက် ကျင့်ကြံကြသည့် ရိုးရာဓလေ့များစွာကိုလည်း မြင်တွေ့နိုင်သည်။ ထိုယုံကြည်ချက်မှာ "သေခြင်းသည် လူတစ်ယောက်အတွက် အဆုံးမဟုတ်" ဟူသော ယုံကြည်ချက် ဖြစ်သည်။ ထိုယုံကြည်ချက်ကြောင့် သေသူအတွက် ကူးတို့ခ ဟုဆိုကာ ပိုက်ဆံထည့်ပေးသည်၊ ထမင်းထုတ်ထည့်ပေးသည်၊ လက်နက်တန်ဆာများ၊ အဆောင်အယောင်များ ထည့်ပေးကြသည်။ လူသည် ထာဝရအတွက် ရှင်သန်နေသူများဖြစ်သည်ကို လူတိုင်း၏ အသိတရားတွင် စွဲမြဲစွာရှိနေသည်။ ခရစ်တော်အား ယုံကြည်သူ ခရစ်ယာန်တစ်ဦးအတွက် ထာဝရအသက်ရှင်ခြင်း ရှိကြောင်း ရှင်ပေါလူးက အခိုင်အမာ အာမခံထားသည်။ "ငါတို့သည် ခရစ်တော်နှင့်အတူ သေခဲ့ကြပါလျှင် ကိုယ်တော်နှင့်အတူ အသက်ရှင်ကြရမည်ကို ယုံကြည်ကြ၏" (ရောမ ၆း၈)။

လက်ဝါးကပ်တိုင်တွင် အသက်စွန့်ခြင်းဖြင့် ရယူခဲ့သော ကယ်တင်ခြင်းလုပ်ငန်းတွင် ခရစ်တော်နှင့်အတူ ဝေဒနာခံစားခဲ့ရသူမှာ အမိမယ်တော်မာရိယားဖြစ်သည်။ "ကိုယ်တော်၏အလိုတော်အတိုင်း ကျွန်မ၌ဖြစ်ပါစေ" ဟု အမိန့်တော်ကို ခံယူခဲ့သည့်အချိန်မှစ၍ ကယ်တင်ခြင်းလုပ်ငန်းတွင် အရေးပါသော ကဏ္ဍတစ်ခုကို ပါဝင်ဖြည့်စွက်ခဲ့ရသည်။ သူငယ်တော် မွေးဖွါးသန့်စင်ပြီး ရက်ပိုင်းမှာပင် "ဤသူငယ်အတွက် သင့်နှလုံးသားကို သံလျက်ထိုးဖေါက်လိမ့်မည်" ဟု စီမေအုံက သတိပေးစကားဆိုခဲ့သည်။ မယ်တော်၏ နှလုံးသားတွင် သံလျက်ပေါင်းများစွာစိုက်ဝင်ခဲ့သည်။ နာကြင်ကြေကွဲခဲ့ရသည်။ ခရစ်တော်နှင့်အတူ ဝေဒနာခံခဲ့သူ မယ်တော်အတွက် ထာဝရအသက်ရှင်သန်ခြင်းသည်လည်း အမှန်တကယ် ရှိနေပါသည်။မယ်တော်သခင်မသည် ဝိညာဉ်ရော ခန္ဓာပါ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရခြင်း ပွဲတော်သည် ကက်သလစ် အသင်းတော်အတွက် အလွန်ကြီးမြတ်သော ပွဲတော်တစ်ခုဖြစ်သည်။

ဘုရား၏မယ်တော် ကညာစင်မာရိယားအား ထာဝရဘုရားသခင်ပေးသနားသော အကြီးမြတ်ဆုံးသော ဆုလဒ်တော်အတွက် ဂုဏ်ယူဝမ်းမြောက်ကြသည်သာမက ဘာသာဝင်ကျွန်ုပ်တို့အားလည်း ကြီးမားသော ထာဝရအသက်တာအတွက် မျှော်လင့်ချက်ကို ပိုမိုခိုင်မာစေသည်။ ထာဝရအသက်တာကို ရယူနိုင်သော နည်းလမ်းမှာ ခရစ်တော်နှင့်အတူ ဒုက္ခခံကာ အသေခံခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် တရားတော်ကို မှန်ကန်စွာ ကျင့်ကြံဆောက်တည်ကြသောအခါ ခရစ်တော်၏ ဒုက္ခခံခြင်းနှင့် အသေခံခြင်းတို့တွင် ပါဝင်ခြင်းဖြစ်သည်။ အပြစ်အမှား ဒုစရိုက်များကို ရှောင်ကြဥ်ကြသောအခါ မိမိကိုယ်ကို ငြင်းပယ်ရသောကြောင့် ခရစ်တော်၏ ဒုက္ခခံခြင်း၌ ပါဝင်ကာ အသေခံကြခြင်းပင်ဖြစ်သည်။

မျက်မောက်ခေတ်ကာလသည် ရုပ်ပိုင်းဆိုင်ရာများကို အလွန်ဦးစားပေးသော အချိန်ဖြစ်သည်။ နေ့တရူဝ ကိစ္စတို့သည် ရှုပ်ထွေးနက်နဲလှသဖြင့် ဝိညာဉ်ရေး အမြင်ဖြင့်ကြည့်မြင် ဆုံးဖြတ်နိုင်ဖို့ အလွန်လိုအပ်ပါသည်။ မယ်တော်သခင်မ ကောင်းကင်သို့ ပင့်ဆောင်ခံရခြင်းပွဲတော်သည် မိတ်ဆွေအပေါင်းတို့အား ဝိညာဉ်ရေးရာများ၌ ပိုမိုအားစိုက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဆန္ဒမွန်ပြုလိုက်ပါသည်။(အယ်ဒီတာချုပ်)

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာသတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင်အထူးသဖြင့် online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

## စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- စာစောင်ကို မိမိတို့နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးများနှင့် parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေးမှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (အယ်ဒီတာချုပ်)

## ဩဂုတ်လအတွက်ရဟန်းမင်းကြီး၏ဆုတောင်းရန်ရည်ရွယ်ချက်

**ကမ္ဘာတစ်ပှမ်းလုံးအတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်မှာ**
အားကစားသည်လူများအကြားမိတ်ဆွေဖွဲ့ နိုင်ရေးအတွက်အခြေအနေကောင်းတစ်ရပ်ဖြစ်စေရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးရရှိရေးကိုလည်းကူညီလုပ်ဆောင်ပေးနိုင်ရန်။

**သာသနာတော်အတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်မှာ-**
ခရစ်ယာန်များသည်ဧဝံဂေလိတရားကိုရှင်သန်ရန်၊ယုံကြည်ခြင်း၊ ရိုးသားခြင်းနှင့် မိမိနှင့်နီးစပ်သူများအားချစ်ခြင်းမေတ္တာကို ပြသနိုင်ရန်။

# မစ္ဆားပူဇော်နေစဉ်အတွင်း အသတ်ခံရသောပြင်သစ်ရဟန်းတော်

အသက်(၈၅) နှစ်ရှိပြီဖြစ်သော Fr.Jacques Hamel သည် ၂၇ ရက် ဇူလိုင်လ ၂၀၁၆ အင်္ဂါနေ့နံနက် အချိန်၌ ဘုရားကျောင်းထဲ မစ္ဆားတရားပူဇော်နေစဉ်အတွင်း ဓါးများကိုင်ဆောင်ထားသော လူနှစ်ဦးသည် ဘုရားကျောင်းအတွင်းသို့ ဝင်ရောက်လာပြီး ရဟန်းတော်၏ လည်မျိုကိုလှီးဖြတ်သတ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ သတ်ဖြတ်ခဲ့ခြင်းသည် ကမ္ဘာကြီးတစ်ခုလုံးနှင့်အထူးသဖြင့် ပြင်သစ်လူမျိုးတို့အတွက် အလွန်တုန်လှုပ်ဖွယ် ကိစ္စရပ်တစ်ခုဖြစ်ခဲ့သည်။ အသတ်ခံခဲ့ရသော ရဟန်းတော် Hamel သည် နိုဝင်ဘာလ(၃၀) ၁၉၃၀ ခုနှစ်တွင် မွေးဖွားသန့်စင်ခဲ့ပြီး ဇွန်လ(၃၀) ၁၉၅၈ တွင်ရဟန်းသိက္ခာကို ခံယူခဲ့သည်။ သက်တော် ၇၅နှစ်အရွယ်ရှိစဉ် အနားယူရန် အခွင့်အရေးရခဲ့သော်လည်း မယူပဲ မိမိအသက်ဆုံးသည်အထိ ဘုရားသားသမီးများအတွက် ပေးဆပ်အစေခံရန် ဆုံးဖြတ်လျက် ယနေ့ချိန်အထိ St. Etienne du-Rouvray တွင် ကလေးငယ်များအား ဆေးကြောခြင်းပေးခြင်း၊ မစ္ဆားတရားပူဇော်ပေးခြင်းနှင့် တိုက်နယ် ဘာသာတူများအား သွန်သင်လမ်းညွှန်ပေးခြင်းကို ဆက်လက်လုပ်ဆောင်ပေးလျှက်ရှိသည်။

Fr. Hamel ၏ အဓိပ္ပါယ်မဲ့ မတရားအသတ်ခံရခြင်း၏ ဆိုးဝါးသောဖြစ်ရပ်နှင့် စပ်လျဉ်း၍ St.Etienne ကျောင်းထိုင်ဘုန်းတော်ကြီး Rev Augustine Moanda Rhuati က "Fr. Hamel သည် အားလုံးချစ်မြတ်နိုးရသူဖြစ်သည်။

ကျွန်ုပ်တို့အားလုံး၏ ချစ်လှစွာသော အဖိုးလည်းဖြစ်သကဲ့သို့ သူရှိလျှင်လည်း ကျွန်ုပ်တို့အားလုံး ပျော်ရွှင်မှုခံစားရပြီး သူမရှိလျှင် ကျွန်ုပ်တို့ ပူပန်စိုးရိမ်ကြရသည်။ Fr. Hamel သည်သက်တော်(၈၅) နှစ်အရွယ်ဖြစ်လင့်ကစား ကျွန်ုပ်တို့ကဲ့သို့သွက်လက်ထက်မြက်ဆဲဖြစ်ပြီး၊ ပျော်ပျော်နေတတ်သော ရဟန်းတစ်ပါးလည်း ဖြစ်သည်။ ခေတ်ရေစီးကြောင်းအလိုက် လိုက်လျောညီထွေ နေတတ်သော ရဟန်းတစ်ပါးလည်းဖြစ်ကြောင်း"ပြောကြားခဲ့သည်။

Rev. Alexandre Joly ကလည်း "Fr. Hamel မတရားအသတ်ခံရခြင်းအတွက် အလွန် စိတ်ထိခိုက် ဝမ်းနည်းရပါကြောင်းနှင့် ထိုသို့ အပြစ်မဲ့အသတ်ခံရခြင်းသည် ရဟန်းတစ်ပါးက ဘုရားသခင်နှင့် မိမိဘာသာတူများကို ချစ်မြတ်နိုးကြောင်း သက်သေပြသော အခါသမယလည်းဖြစ်သည်။ ကိုယ်တော်သည် နှိုင်းဆမရအောင်ကြင်နာတတ်သော ရဟန်းတစ်ပါးဖြစ်ကြောင်း" ပြောကြားသွားခဲ့သည်။ ထိုနေ့၌ St. Etienne du Rouvray တိုက်နယ်တစ်ခုလုံးသည် ဝမ်းနည်းကြေကွဲမှုဖြင့် ပြည့်နှက် နေခဲ့ပါသည်။ ပြင်သစ်နိုင်ငံမြောက်ပိုင်း Roven မြို့၏ မြို့တော်ခန်းမတွင် Fr. Hamel အကြောင်းပြန်လည်သက်သေခံပြောဆိုကြရာ၌ မြို့တော်ဝန် Hubert Wulfranc က "ထိုလူမဆန်သောလုပ်ရပ်သည် ကျွန်ုပ်တို့၏ ရဟန်းတစ်ပါးကိုကျွန်ုပ်တို့အထဲမှဆွဲထုတ်ခဲ့ပြီးတိုက်နယ်ဘာသာတူများကို ကြီးစွာနာကျင်စေခဲ့ပါသည်။" ထိုမြို့သို့ လာရောက်ခဲ့သော ပြင်သစ်သမ္မတFrancois Hollande နှင့်မြို့တော်ဝန်တို့ တွေ့ဆုံကြပြီးနောက် မြို့တော်ဝန်က "ဒီလိုဖြစ်ရပ်မျိုး နောက်ထပ်မဖြစ်စေဖို့ အထူးလိုအပ်ပါတယ်။ ဒီတစ်ကြိမ်နောက်ဆုံးဖြစ်ပြီး နောက်ထပ်မျက်ရည်မကျပါရစေနှင့်" ဟု မျက်ရည်ကျလျက်သမ္မတအား တောင်းဆိုခဲ့သည်။ ထိုမြို့တော်ခန်းမရှေ့တွင်ပင် Fr.Maheut က "ယခုအသတ်ခံရသော Fr.Hamel သည် ပျော်ပျော်နေတတ်သူ၊ တိကျသူ၊ သွက်လက်ထက်မြက်သူ၊ နှိမ့်ချကြင်နာတတ်သူဖြစ်ကြောင်းနှင့် သူသည် အစေခံသောအမှုကိုပြုရန်သက်သက် ထိုနေရာသို့လာခဲ့ကြောင်း၊ လူအများကလည်း သူ၏နှိမ့်ချခြင်းကို အသိအမှတ်ပြု ချီးမွမ်းခြင်းမပြုဘဲ မနေနိုင်ကြောင်း" ထုတ်ဖော်ပြောကြားခဲ့သည်။Rouen ဂိုဏ်းချုပ်သာသနာမှ အခြားရဟန်းတစ်ပါးဖြစ်သော Fr.Aime Remi Amba ကလည်း "သတင်းသမားများကို ပြောကြားရန် Fr.Hamel သည် အသက် ၈၅နှစ်အရွယ် အိုမင်းပြီဖြစ်သော်လည်း အသက်ငယ်ရွယ်ဆဲ ရဟန်းများကဲ့သို အစေခံအမှုကို စိတ်အားထက်သန်မှုအပြည့်ဖြင့်လုပ်ကိုင်ခဲ့သည်။ယခုအသက်အရွယ်ထိ ကြိုးစားအစေခံမှုကို လုပ်ကိုင်နေသောကြောင့် အနားယူရန် တိုက်တွန်းကြသော်လည်း "ငါ့ရဲ့နောက်ဆုံးထွက်သက်ထိ ရဟန်းတစ်ပါးရဲ့ တာဝန်ဝတ္တရားနှင့် အစေခံမှုကို ပြုနေဦးမှာပါ" ဟုပြန်လည်ဖြေကြားခဲ့ကြောင်း Fr.Hamel ၏အကြောင်းကို ပြောကြားခဲ့ပါသည်။

ပုပ်ရဟန်းမင်းကြီး အနေဖြင့်လည်း ပြင်သစ်နိုင်ငံရှိ ဘုရားကျောင်းငယ်လေးတစ်ခုထဲတွင် မထင်မှတ်ဘဲ ဖြစ်ပျက်သွားခဲ့သည့် ၄င်းရက်စက်ကြမ်းတမ်းသော လုပ်ရပ်အတွက် အလွန်စိတ်ထိခိုက်ခံစားရကြောင်း၊ ပြင်သစ်နိုင်ငံရှိ ဘာသာတူများနှင့် ပြင်သစ်လူမျိုးတို့အတွက် အထူးသဖြင့် Fr. Hamel ကို ချစ်မြတ်နိုးကြသူအားလုံးတို့နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း မိမိသည် ထိုသူတို့နှင့် ဆုတောင်းခြင်း၌ တစ်လုံးတစ်ဝတည်းရှိနေပါကြောင်း Fr.Lombardi မှ ပြောကြားခဲ့သည်။ ပိုလန်နိုင်ငံ ခရက်ကောင်းမြို့တွင် ကမ္ဘာ့လူငယ်များနေ့အတွက် ရောက်ရှိ နေခဲ့သော Rouen ဂိုဏ်းချုပ်ဆရာတော် Dominique lebrun ကလည်းပြင်သစ်ရှိ မိမိ၏ ယုံကြည်သူသားသမီးများကို နှစ်သိမ့်ပေးနိုင်ရန် ပြန်လာကာ ထိုအင်္ဂါနေ့ညသို့ပင် Fr.Hamel အတွက်ရည်စူးကာ Rouen ကာသီဒြယ်တွင်အောက်မေ့ဖွယ်မစ္ဆားတရားကို ပူဇော်ဆုတောင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။ (CBCM-OSC)

# စစ်ဘေးသင့်နေသောကမ္ဘာကြီးအပေါ်ဘာသာရေးစစ်ပွဲမဟုတ်ပဲအာဏာရှူးစစ်ပွဲ အဖြစ်ပုပ်ရဟန်းမင်းကြီးရှုမြင်




ဇွန်လ(၂၇)ရက်နေ့၊ ပြင်သစ်နိုင်ငံ၌ ရက်ရက်စက်စက်အသတ်ခံရသော ရဟန်းတစ်ပါးနှင့် ပတ်သက်ပြီး ရဟန်းမင်းကြီးဖရန်စစ်က "ကမ္ဘာကြီးဟာ စစ်ဘေးသင့်နေတယ်၊ စစ်ဆိုရာမှာ ဘာသာရေးစစ်လို့ မဆိုလိုဘူး"ဟု ဗုဒ္ဓဟူးနေ့တွင် အလေးထားပြောကြားသွားကြောင်း သိရှိရသည်။

"ကျွန်တော်ပြောနေတဲ့ စစ်ပွဲအကြောင်းကတော့ စီးပွားရေး ၊ ငွေရေးကြေးရေး၊ သယံဇာတနှင့် ဩဇာအာဏာများတပ်မက်တဲ့စစ်ပွဲပါ။ ဘာသာရေးတိုင်းဟာ ငြိမ်းချမ်းရေးကို လိုချင်ကြပေမဲ့ တစ်ချို့သောသူတွေကအဲ့ဒီလို မဟုတ်ဘူး စစ်ကိုဘဲလိုချင်ကြတယ်။ မှန်တယ်မဟုတ်လား" ဟု ကမ္ဘာ့လူငယ်များနေ့အတွက် ပိုလန်နိုင်ငံသို့သွားစဉ် သူနှင့်လိုက်ပါလာသော သတင်းထောက်တစ်ချို့အား ပြောကြားသွားကြောင်း သိရှိရပါသည်။ " အခုကျွန်တော် ထပ်ခါထပ်ခါပြောနေတဲ့ စစ်ပွဲဆိုတဲ့စကားလုံးဟာ ပြောရတာမလုံခြုံပေမဲ့ အဲ့ဒါဟာ အမှန်တကယ်ပဲဖြစ်နေတယ်" ပြင်သစ်နိုင်ငံမှာ ဖြစ်ပွားသည့် အမှုနှင့် ပတ်သက်ပြီး ပုပ်ရဟန်းမင်းကြီးက "ကမ္ဘာကြီးတစ်ခုလုံးစစ်ဘေးသင့်နေတယ်၊ ပြီးခဲ့တဲ့ (၁၉၁၄) ခုနှစ်တုန်းကတစ်ခါ၊ (၁၉၃၉-၁၉၄၅) အတွင်းမှာတစ်ခါ၊ အခုလည်းတစ်ခါ နည်းအမျိုးမျိုးနဲ့ စစ်ဖြစ်နေတယ်။ တစ်ဖက်က ပုံသွင်းခံရတဲ့အတိုင်း၊ ရိုက်သွင်းခံရတဲ့အတိုင်း လုပ်သွားပေမဲ့ ဘုန်းတော်ကြီးဟာ သူ့ရဲ့အသက်ကို ပေးလှူသွားတဲ့ သွေးစက်တွေဟာ မပျောက်မကွယ်နိုင်တဲ့ မျိုးစေ့ပင်ဖြစ်သွားပြီမဟုတ်လား။ဒီဘုန်းကြီးလိုမျိုးပဲကမ္ဘာမှာအသတ်ခံရတဲ့ ကက်သလစ်တွေ ဘယ်လောက်ရှိနေပြီလဲ။ အပြစ်မဲ့ကလေးငယ်တွေ၊ ရိုးသားဖြူစင်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လောက်အသတ်ခံနေရပြီလဲ။ ခရစ်ယာန်တွေ နေ့စဉ်နှင့်အမျှ အသတ်ခံရပေမဲ့ ကျွန်တော်တို့တွေဟာ အမှန်တရားကိုပြောဖို့ မကြောက်ပါဘူး။ ကမ္ဘာကြီးဟာ စစ်ဘေးသင့်နေတယ်။ ဘာလို့လဲဆိုတော့ လူတွေကငြိမ်းချမ်းရေး အမြင်မရှိကြလို့ပဲဖြစ်တယ်"ဟု ပြောကြားကြောင်းသိရသည်။

"လူငယ်တွေဟာ ကျွန်တော်တို့ကို တစ်ခုခုပြောနေသလို ခံစားမိတယ်။ အထူးသဖြင့် လက်ရှိမှာမျှော်လင့်ခြင်း ရှိဖို့ ပြောနေတယ်။ ဒါကြောင့် လူငယ်ဆိုတာ ကျွန်ုပ်တို့ရဲ့ မျှော်လင့်ချက်ပါလို့" ကမ္ဘာ့လူငယ်များနေ့မှာ ရဟန်းမင်းကြီးက ပြောကြားကြောင်းသိရသည်။

နောက်ဆုံး၌ ပြင်သစ်တွင် အသတ်ခံရသည့်ဘုန်းတော်ကြီးနှင့် ပတ်သက်ပြီး ထပ်တူဝမ်းနည်းပူဆွေးကြောင်း ပြောကြားသွားသော ပြင်သစ်သမ္မတ Hollande အား ရဟန်းမင်းကြီးက ကျေးဇူးတင်စကားပြောကြားသွားကြောင်း ဗာတီကန်သတင်းမှ သိရှိရသည်။ (CBCM-OSC)

# ငြိမ်းချမ်းရေးအတွက်ဆုတောင်းပေးရန် ရဟန်းမင်းကြီးတောင်းဆို



လတ်တလော ဖြစ်ပျက်နေသော အကြမ်းဖက်မှုများနှင့် မတရားညှင်းပန်းနှိပ်စက်ခြင်းများကြားတွင် ရှိနေကြသောသူများနှင့် စိတ်နှလုံး တစ်ပေါင်းတစ်စည်းတည်းထားလျှက် ဆုတောင်းပေးကြရန် ပုပ်ရဟန်းမင်းကြီးက ၂၄၊၇၊၂၀၁၆ တနင်္ဂနွေနေ့ အန်ဂျေလူးမေတ္တာ ဆိုအပြီးတွင် ထပ်မံဖိတ်ခေါ်ခဲ့သည်။

အပြစ်မဲ့သူများစွာ ပါဝင်လျက် သေခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းများစွာ ဖြစ်ပေါ်စေခဲ့သော ဂျာမနီနိုင်ငံမြူးနစ်မြို့၊ အာဖဂန်နစ်(စ်)တန်ကာဘဲလ် ဒေသရှိ ဒုက္ခသားကောင်တို့၏ မိသားစု၊ မိတ်ဆွေသူငယ်ချင်းတို့နှင့်အတူ အရှင်သူမြတ်က စိတ်နှလုံး နီးကပ်စွာဖြင့် ထပ်တူထားရှိလျှက် ထိုအဖြစ်အပျက်များသည် မိမိ၏ စိတ်နှလုံးကို အမှန်တကယ် ထိခိုက်ခံစားစေပါကြောင်း မိန့်ကြားခဲ့သည်။ ထို့အပြင် ပုပ်ရဟန်းမင်းကြီးက ၎င်းအဖြစ်အပျက်များအတွင်းရှိ ပုဂ္ဂိုလ်များ၏ ရည်မှန်းချက်များကို ဘုရားသခင် အလင်းပေးကူညီပါမည့်အကြောင်း အထူးသဖြင့် အခက်အခဲဆုံးအခြေအနေများ ဘဝလုံခြုံရေးနှင့် ငြိမ်းချမ်းမှုမှေးမှိန်သယောင် ဖြစ်နေသော အခြေအနေများအတွက် ဆုတောင်းပေးကြပါ။ ကျွန်ုပ်တို့၏ ဆုတောင်းမေတ္တာသည် သူတို့ အဓိကလိုအပ်သောအရာ ဖြစ်ပါသည်”ဟုရဟန်းမင်းကြီးကပြောခဲ့ပါသည်။

# ရင်ဖိုစရာ အပျော်အပါးအတွက်ဘဝကို မကုန်ဆုံးစေချင်

ပိုလန်ကို ခရီးတာရောက်ရှိလာသည့် ပုပ်ရဟန်းမင်းကြီးက ရင်ဖိုစရာ၊ အပျော်အပါးအတွက်ဘဝကို မကုန်ဆုံးစေနှင့်ဟု ဘုရားဖူးလူငယ်များအားပြောကြားသွားခဲ့သည်။ မီးခိုးရောင်ရှိသော ကောင်းကင်ပြာကြီးအောက်၊ ကြီးမားသော သခင်ယေရှုးရဲ့ရုပ်ပုံရှေ့တွင် ပုပ်ရဟန်းမင်းကြီးက သူ၏သတင်းစကားကို ရာစုနှစ်ချီပြီးသော မျိုးဆက်သစ်အတွက် ပြောကြားသွားခဲ့သည်။ **“ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လက်မဲ့ဖြစ်နေတဲ့ လူငယ်တွေကို တွေ့ရင် ခံစားရတယ်။ လူတွေက သူတို့တွေကို ခိုင်းချင်သလို ခိုင်းပြီး စွန့်ပစ်ထားခံရတဲ့ လူငယ်တွေအတွက် စိုးရိမ်တယ်။ သိမ်းသွင်းခံရပြီး လောင်းကစားနဲ့မိမိရဲ့ဘဝကို အဓိပ္ပာယ်မဲ့စေတဲ့ လူငယ်အချို့ရှိခဲ့မယ်ဆိုရင် သူတို့တွေရဲ့ဘဝဟာ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေမယ်ဆိုတာ သေချာတယ်။ လုယက်တာ၊ ငါမရှိမဖြစ်လို့ခံယူတာ၊ ဘဝရဲ့ခွန်အားနှင့် အချိန်တွေကို အလကားဖြုန်းတီးတာ၊ အဲ့လိုလူငယ်တွေနှင့်တွေ့ရင်အနောက်အယှက်ဖြစ်မိတယ်။**

**ကျွန်ုပ်မေးပါရစေ...အပျော်အပါးကိုရှာမှာလား အဲ့ဒါမှမဟုတ်ရင် သေတဲ့အထိမကွယ်မပျောက်နိုင်တဲ့ ပြည့်စုံမှုကိုရှာမှာလား။ ပျော်ရွှင်မှုကိုမပေးတဲ့ အပျော်အပါးတွေလား၊ ကျေးဇူးတော်ရဲ့ခွန်အားတွေကိုလား။ လူတိုင်းကိုလက်ခံနိုင်အောင် အဆင်သင့်ဖြစ်နေရမယ်။ သနားကြင်နာတတ်တဲ့ စိတ်နှလုံးသားဟာ ဒုက္ခသည်တွေ၊ အိုးမဲ့အိမ်မဲ့ ဖြစ်နေသူတွေ အတွက် နေစရာအိမ်တစ်ဆောင်ဖြစ်လာနိုင်တယ်။** ဒါဟာ ကြင်နာသနားခြင်း၊ မေတ္တာရှိခြင်း၊ စာနာထောက်ထားမှုရှိခြင်းတို့ကို ပြသခြင်းသင်္ကေတပါ။ သနားကြင်နာတတ်သော စိတ်သည် ဆာလောင်မှုရဲ့ အစားအစာဖြစ်သလို ခိုလှုံသူနှင့်ဒုက္ခသည်များတို့ကို ကြိုဆိုခြင်းဖြစ်သည်**”** ဟုမိန့်ကြားခဲ့သည်။

Wrexham မှ ကမ္ဘာ့လူငယ်ပွဲတော်သို့ မိခင်နှင့် ညီမနှစ်ယောက်တို့နှင့် အတူလာသည့် Jessica Rees အသက်(၂၁) က **“ကျွန်မတို့ဘုရားကျောင်း က လူအရမ်းနည်းတယ်။ အခုလိုလူအများကြီးနှင့်တွေ့ရတော့ စိတ်အားထက်သန်လာတယ်။ အထီးကျန်တယ်လို့လည်း မခံစားရတော့ဘူး”** ဟု ပြောကြားသွားခဲ့သည်။

လန်ဒန်မှလာသော Anel Zuniga အသက်(၃၃)နှစ်ကလည်း **“လွန်ခဲ့တဲ့ (၃) နှစ်တုန်းက ဘရာဇီးမှာ ပုပ်ရဟန်းမင်းကြီး စကားပြောတာ ကြားဖူးတယ်။ သူဘယ်အခါပဲစကားပြောပြော ကိုယ့်ကိုတိုက်ရိုက်ပြောသလိုခံစားရတယ်။ ပြီးတော့ ခရစ်တော်ကို ယုံကြည်မှုမရှိတဲ့ လူတွေတောင် သူ့စကားကို နားထောင်ကြတယ်။ သူ့ရဲ့ သတင်းစကားကို လူတိုင်းနားထောင်ချင်ကြတယ်”** ဟု ပြောကြားသွားသည်။

Joseph Philip အသက်(၂၃) ဆိုသူကလည်း **“ပုပ်ရဟန်းမင်းကြီးက လန်းဆန်းသစ်လွင်တဲ့အရာတွေကို သယ်ဆောင်လာပေးသလို ခံစားရတယ်။ ယုံကြည်ခြင်းကို သက်သေခံဖို့ လွယ်ကူအောင်လည်း သူလုပ်ဆောင်ပေးတယ်”** ဟုပြောသွားကြောင်း ဗာတီကန် ရေဒီယိုမှ သတင်း ရရှိပါသည်။ **(CBCM-OSC)**

# အတင်းပြောခြင်းသည် အကြမ်းဖက်ဝါဒဖြစ်သည်ဟု ပုပ်ရဟန်းမင်းကြီးမြွက်ကြား

ကမ္ဘာ့လူငယ်များနေ့ အတွက် ပုပ်ရဟန်းမင်းကြီးသည် ပိုလန်နိုင်ငံရှိ Krakow မြို့သို့သွားရောက်စဉ် လူငယ်(၃)ဦးတို့၏ ရင်ဖွင့်သံကိုနားထောင်ပေးပြီး မေးသမျှမေးခွန်းများကိုလည်း ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။ ပထမတစ်ဦး၏ပြောကြားချက်မှာ "လရဲ့အစောပိုင်းတုန်းက အီတလီတောင်ပိုင်းမှာ ရထား(၂)စီး ခေါင်းချင်းဆိုင်တိုက်မိကြပြီး တိမ်းမှောက် သွားတဲ့နောက် သေကြေပျက်စီး၊ ထိခိုက်ဒဏ်ရာရတဲ့ ကိစ္စနှင့်ပတ်သက်ပြီး သေတဲ့အထဲမှာမပါပေမဲ့ ကြောက်စိတ်က ယခုအချိန်အထိရှိနေဆဲ။အဲ့ဒီကြောက်စိတ်ကို ဘယ်လိုဖြေဖျောက်ပစ်ရမလဲ” လို့မေးခဲ့တယ်။ ပုပ်ရဟန်းမင်းကြီးက **“ဒါဟာ ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရတာမဟုတ်ပဲ စိတ်ဒဏ်ရာတစ်မျိုးပါ။ ဘဝမှာ အနာအဆာတွေ၊ အမာရွတ်တွေနှင့် ပြည့်နေပေမယ့် လူငယ်တွေက ပညာသတိနှင့် သင်ယူလွယ်သူများဖြစ်တယ်။ ဘဝကို လှပအောင် တည်ဆောက်မလား၊ ရုပ်ဆိုးအောင်တည်ဆောက်မလား၊ ခွန်အားအပြည့်နှင့်တည်ဆောက်မှာလား၊ နာကြင်ချိန့်စွာနှင့်တည်ဆောက်မှာလား။ ပျော်ရွှင်မှုဖြင့်ဘဝကိုတည်ဆောက်ပါ။အဲ့ဒီပျော်ရွှင်မှုဟာသင်တို့ရင်ဆိုင်ရမဲ့ကြောက်ရွံ့မှုတွေကိုဖယ်ရှားပေးလိမ့်မယ်”** ဟုအရေးကြီးသည့် နေထိုင်တည်ဆောက်ပုံများကို ပြောကြားသွားကြောင်းသိရပါသည်။

ဒုတိယတစ်ယောက်က “လွန်ခဲ့တဲ့(၆)နှစ်တုန်းက အီတလီကို တစ်ခါရောက်ခဲ့ဖူးတယ်။ ဟိုတုန်းက အီတလီစကား အနည်းအကျဉ်းပဲရထားတဲ့ တပည့်တော်မကအနိုင်ကျင့်ခံရတယ်။ကိုယ့်ကိုယ်ကိုသတ်သေတော့မယ့်အထိ ဖြစ်သွားတယ်။ ခွင့်လွှတ်နိုင်အောင် ကြိုးစားပေမဲ့ မရဘူး။ ဒီတော့ လုံးလုံးလျားလျားခွင့်လွှတ်နိုင်အောင် ဘယ်လိုလုပ်ရမလဲ” လို့ ပုပ်ရဟန်းမင်းကြီးကို ပြောပြခဲ့တယ်။ ပုပ်ရဟန်းမင်းကြီးကလည်း **စိတ်ချပြီး အဖြစ်အပျက်တွေကို ပြောပြပေးတဲ့အတွက် ဦးဆုံး ကျေးဇူးတင်စကားပြောခဲ့ပြီး “အတင်းအဖျင်းပြောတာဟာအကြမ်းဖက်ဝါဒတစ်မျိုးပါ။ စကားရဲ့အကြမ်းဖက်ဝါဒပေါ့။ လူမျိုးရေး ပုဂ္ဂိုလ်ရေးကို ထိခိုက်စေရုံမကဘူး ခွင့်မလွှတ်နိုင်စရာတွေ ဖြစ်သွားစေနိုင်တယ်။ ဆိတ်ငြိမ်မှုကို ရွေးချယ်ပါ၊ စိတ်ရှည်ပါ၊ အရေးကြီးတာက ခွင့်လွှတ်နိုင်အောင် ကြိုးစားပါ။ ဒီလိုလုပ်ဖို့မလွယ်ကူပေမယ့် ဘုရားကို အကူအညီတောင်းပြီး လုံးလုံးလျားလျားခွင့်လွှတ်နိုင်အောင်၊ မေ့ပစ်နိုင်အောင်လုပ်ရမယ်။ ဒါ့အပြင် ကိုယ့်ကိုယ်ကိုထိခိုက်နစ်နာတဲ့ ပုဂ္ဂိုလ်အားလုံးကိုခွင့်လွှတ်နိုင်အောင် ဘုရားဆီမှာ ဆုတောင်းပါ”** လို့ ပြန်လည်ဖြေကြားခဲ့တယ်။

Nice မြို့ Butille Day မှာ ဖြစ်ပွားတဲ့ တိုက်ခိုက်မှုကို တွေ့ကြုံခဲ့ရတဲ့ ယောကျ်ားလေးတစ်ယောက်က “အမုန်းတွေနှင့်ပြည့်နေတဲ့ ကမ္ဘာကြီးကိုလူငယ်တွေက ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဆက်လက် လုပ်ဆောင်နိုင်မယ်လို့ ထင်ပါသလား”။ပုပ်ရဟန်းမင်းကြီးက **“ငြိမ်းချမ်းရေးဟာ တံတားကို တည်ဆောက်စေပေမဲ့ အမုန်းဟာ တံတိုင်းကြီးကို ဆောက်တည်စေပါတယ်။ ငြိမ်းချမ်းရေးကိုတည်ဆောက်မှာလား၊ အမုန်းတံတိုင်းကြီးကို တည်ဆောက်မှာလား ကိုယ့်အပေါ်မှာပဲ မူတည်တယ်။ တံတိုင်းကြီးက ကျွန်ုပ်တို့ကိုကွဲပြားစေနိုင်တဲ့အပြင် အမုန်းတွေကိုလည်း တစ်စတစ်စစီ ကြီးထွားစေနိုင်တယ်။ တံတားတွေက ကျွန်ုပ်တို့ကို စည်းလုံးစေသလို တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နိုင်အောင်လည်း ခွင့်ပြုစေတယ်။ တစ်စုံတစ်ယောက်၏ လက်ကို ဆုပ်ကိုင်တဲ့အခါတိုင်း ကျွန်ုပ်တို့ဟာ လူသားအတွက် ပေါင်းကူးတံတားကို တည်ဆောက်နိုင်တဲ့အရည်အချင်းကိုယ်စီ ရှိကြပါတယ်ဆိုတာ သိစေချင်တယ်။ တကယ်လို့အဲ့ဒီတံတားကြီးတွေပြိုလဲသွားရင်တောင် နည်းလမ်းတွေရှာဖွေပြီး ဖွဲ့ရှိရှိနှင့်ပြန်လည်တည်ဆောက်နိုင်ပါတယ်”** ဟု ဖြေကြားသွားကြောင်း ဗာတီကန် ရေဒီယိုမှ သိရှိရပါသည်။ **(CBCM-OSC)**





# တံတားများတည်ဆောက်ခြင်းဖြင့် သနားကြင်နာခြင်းကိုပြသပါ

မေတ္တာတံတားများကို တည်ဆောက်ခြင်းဖြင့် ဘုရားသခင်၏ သနားကြင်နာခြင်းကိုဝေမျှပြသရန် ပုပ်ရဟန်းမင်းကြီးဖရန်စစ်က (၂၈၊၈၊၂၀၁၆)နေ့တွင် ကမ္ဘာ့လူငယ်များနေ့သို့ လာရောက်သည့် ထောင်ပေါင်းများစွာသော ဘုရားဖူးလူငယ်များအားမိန့်ကြားခဲ့သည်။

၎င်းမေတ္တာတံတားမှာ ခွဲခြားခြင်းနှင့် အတားအဆီးများ မှန်သမျှကိုဖြိုချရန်၊ မုန်းတီးခြင်းနံရံများကို ဖြိုဖျက်ရန်ဖြစ်သည်။ ပိုလန်နိုင်ငံ၏ ဗဟိုနေရာအနီး Blonia Parkပန်းခြံအတွင်း ကြိုဆိုမိန့်ခွန်းမြွက်ခြင်း အခမ်းအနား၌ မိန့်ခွန်း ပြောကြားရာတွင် သနားကြင်နာခြင်းသည် ငယ်ရွယ်နနယ် သောမျက်နှာရှိပြီး မိမိ၏ သက်တောင့် သက်သာရှိသော နယ်မြေမှရုန်းထွက်နိုင်ကာလူတိုင်းကို ထွေးပွေ့နိုင်သကဲ့သို့သနားတတ်သောနှလုံးသားသည် အိုးအိမ်မဲ့သူများအတွက် ခိုလှုံရာ၊ ဆာလောင်သူများအတွက် ဝေမျှစရာ ပေါင်မုန့်တစ်ဖဲ့နှင့် ရွှေ့ပြောင်းဒုက္ခသည်များအတွက် ကြိုဆိုသောနေရာဖြစ်စေနိုင်ပါသည်။ ကမ္ဘာ့လူငယ်များနေ့ပွဲတော်အစဉ်အလာကို စတင်ခဲ့သော ရဟန္တာဂျွန်ပေါလ်(၂)ကို ပြန်လည်သတိရ အောက်မေ့ခြင်းနှင့် ယနေ့ခေတ် လူငယ်များစွာတို့၏စိတ်အားထက်သန်ခြင်း၊ ဆက်ကပ်လုပ်ဆောင်လိုစိတ်၊ ဖွဲ့ဝီရိယနှင့် ခွန်အားသတ္တိရှိခြင်းကို ချီးမွမ်းဂုဏ်ပြုစကား ပြောဆိုကာ သူတို့အား လမ်းမှားမရောက်စေရန်၊ မူးယစ်ဆေးဝါး၏ သားကောင်ဘဝအဖြစ် ဖြားယောင်းသွေးဆောင်ခြင်းသို့ လိုက်ပါမသွားပဲသတိမူကာဆင်ခြင်ကြရန်၊ ထို့အပြင် အရှင်သူမြတ်က လူငယ်တို့အား St.Luke ဧဝံဂေလိကျမ်းစာထဲမှ သူမတို့၏ ရှုပ်ထွေးသော အသက်တာထဲတွင် သခင်ခရစ်တော်ကို အချိန်ပေး၊ နေရာပေးသော မာတာရ်နှင့် မာရီးယားကဲ့သို့ ကြိုးစားကျင့်ကြံကြရန်၊ ဘက်သနီနှင့် နာဇရက်မှ မာရီးယားမာဒလေနားတို့ကဲ့သို့ ခရစ်တော်ကိုကြိုဆိုခြင်း၊ ဆင်းရဲသားများကို ကူညီခြင်း၊တစ်ပါးသူတို့၏ယဉ်ကျေးမှုကို ဂရုတစိုက်နားထောင်ပေးတတ်ခြင်း စသည့်ကောင်းမြတ်သော အကျင့်ပါရမီများကို လိုက်နာကျင့်ကြံကြရန် အားပေးတိုက်တွန်းသွားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်း ရရှိပါသည်။ **CBCM-OSC**

# ကမ္ဘာမြေပေါ်တွင် အမှတ်လေးချန်ခဲ့ပါ

(၅၊၇၊၂၀၁၆)နေ့ အစောပိုင်းမှ စ၍ ကမ္ဘာ့လူငယ်များနေ့ ဘုရားဖူးများသည် ရထားများနှင့် ဘတ်စ်ကားများကိုစီးနင်း၍ ခရက်ကောင်းမြို့၏ အချက်အချာကျသောနေရာမှ Misericordiae ဘုရားကျောင်းသို့ သွားခဲ့ကြသည်။

ထိုသို့လူအများအပြားစုစုဝေးဝေး ရှိနေခြင်း၌ စိတ်ဝင်စားစရာ အကောင်းဆုံးအပိုင်းမှာပုပ်ရဟန်းမင်းကြီး နှင့် ကမ္ဘာ့တိုက်ကြီး(၅)တိုက်မှ ကိုယ်စားလှယ် လူငယ်များသည် လက်ချင်းချိတ်၍ ဖဲကြိုးများဖြင့် အလှဆင်ထားကာ Jesus I trust in You ဟုရေးသားထားသော သန့်ရှင်းသောသစ်သားတံခါး (Holy Door)ဆီသို့ လမ်းလျှောက်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် လူငယ်တို့သည် Blonia ပန်းခြံအတွင်း မစ္ဆားပြုလုပ်ရန် ပြင်ဆင်ထားသော နေရာဆီသို့ ပုပ်ရဟန်းမင်းကြီးနှင့်အတူ လိုက်ပါကာသူ့အား ပို့ဆောင်ပေးခဲ့ကြသည်။ နောက်ထပ် ဖြစ်ရပ်တစ်ခုမှာ ကမ္ဘာပေါ်၌ ဖြစ်ပျက်ခဲ့သော ဒုက္ခအခက်အခဲ အမျိုးမျိုး၏ ထူးခြားကွဲပြားသော နာကျင်မှုပုံရိပ် အသီးသီးတို့ကို စုစည်းကာ "စိတ်ပျက်အားငယ်သူတို့အတွက် မျှော်လင့်ခြင်း" ဟု အမည်ပေးထားသည့် အဖြစ်အပျက် (၅)ခုပါရှိသောဗီဒီယိုကားတစ်ခုကို ပြသကြည့်ရှုခဲ့ကြသည်။

ထိုအဖြစ်အပျက်(၅)ခုတွင်ပထမဆုံးပြကွက် တစ်ခုအဖြစ် (၂၀၁၁)ခုနှစ်စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သော Twin မျှော်စင်ကြီးပုံးကြဲ တိုက်ခိုက်ခံရခြင်း ဖြစ်စဉ်ကို ပြန်လည်တင်ပြထားသည်။ ထိုပြကွက်ပြသနေစဉ်တွင် Syria နိုင်ငံ Aleppo မှမိန်းကလေးငယ်တစ်ဦးသည် ပုပ်ရဟန်းမင်းကြီးနှင့် မလှမ်းမကမ်းတွင်နေ၍ မိမိ၏တိုင်းပြည်အတွင်းရှိ ပြဿနာ အခက်အခဲများနှင့် တစ်နယ်တည်းသားချင်း ခရစ်ယာန်များ၏အကျပ်အတည်းများကို ရင်ဖွင့်ပြောကြားခဲ့သည်။ သို့သော် သူမနှင့် Don Bosco စင်တာတွင် နေထိုင်ကြသော လုပ်ဖော် ကိုင်ဖက်များသည် မိမိတို့နှင့် လာရောက် ထိတွေ့သောသူများထံမှ ဘုရားသခင်၏ တည်ရှိခြင်းကို တွေ့မြင်ခံစားရပါကြောင်းကိုလည်း ပြောကြားသွားခဲ့သည်။ အခြားသောပြကွက် တစ်ခုမှာ အမှားပြုမိသူများကို ခွင့်လွှတ်ခြင်း ဖြစ်သည်။ ရဟန္တာဂျွန်ပေါလ်(၂)က မိမိအားလုပ်ကြံခဲ့သောသူကို အကျဉ်းထောင်ထဲသို့ သွားရောက်လည်ပတ်ကာ ခွင့်လွှတ်ခဲ့ခြင်း အဖြစ်အပျက်ကို ပြန်လည်ကြည့်ရှုခဲ့ကြသည်။

ပုပ်ရဟန်းမင်းကြီးသည် စင်မြင့်ပေါ်သို့ရောက်သောအခါထိုနေရာ၌ (၁)သန်းနှင့်အထက် စုရုံးနေကြသော လူငယ်တို့အား "ကျွန်ုပ်တို့သည် အမုန်းအပေါ် အမုန်းဆင့်ရန်၊ အကြမ်းဖက်မှုအပေါ်အကြမ်းဖက်မှုဆင့်ပွားဖြစ်ပေါ်ရန်၊ ကြောက်လန့်စိုးရိမ်မှုအပေါ် ထပ်ဆင့်စိုးရိမ်ကြောက်လန့်မှုများဖြစ်ပေါ်ရန်အလိုမရှိပါ။ ဒီနေ့ ဒီနေရာ၌ ကျွန်ုပ်တို့ အတူရှိနေခြင်းမှာ ဘုရားရှင်အလိုရှိ၍ ခေါ်ထားခြင်းကြောင့် ဖြစ်သည်။ ကမ္ဘာမြေကြီးအတွက် လုပ်ဆောင်ပေးရမည့် ကျွန်ုပ်တို့၏တာဝန်မှာ အချင်းချင်းစည်းလုံးခြင်းနှင့်ရင်းနှီးဖော်ရွေစွာ၊ မိသားစုကဲ့သို့နေထိုင်ဖေးမပေးကြရန်ဖြစ်သည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီးက လူငယ်တို့အား မိမိတို့၏ ဘဝစစ်ပွဲများ၊ အတွင်းစိတ်အတွင်းရှိ ရုန်းကန်ပူပန်ရခြင်းများကို သခင်ဘုရားရှေ့မှောက်၌ ချထားရန်၊ ညီအစ်ကိုရင်းပမာဖြစ်သော တံတားများ တည်ဆောက်ရန်နှင့် ကျွန်ုပ်တို့သည် ကမ္ဘာကြီးကိုရှုပ်ထွေးရန်၊ ညစ်ညမ်းရန် မိမိ၏ဘဝ အဆင်ပြေနေသာရန် ကမ္ဘာထဲသို့ ရောက်လာခဲ့ခြင်းမဟုတ်ပဲ အခြားအကြောင်းအရာဖြစ်သော ကမ္ဘာကြီးအတွက် အမှန်တရားတစ်ခုခု ကျန်စေရန်၊ ချန်ထားရန်ရောက်လာခြင်းဖြစ်သည်။ ဘုရားရှင်သည် ကျွန်ုပ်တို့၏ အကာအရံ၊ တံတိုင်းကြီးများအားလုံးကို ချိုးဖျက်ရန် လောကသို့ ကြွလာခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဘဝရည်မှန်းချက်ပန်းတိုင်နှင့် အိမ်မက်များ၏ တံတိုင်းများကို ဖွင့်လှစ်ပေးရန်ရောက်လာခြင်းဖြစ်သည်ဟုဆိုကာလူငယ်များကို အားပေးစကားပြောကြားပေးခဲ့သည်။

**(CBCM-OSC)**

# ရဟန်းမင်းကြီးဖရန်စစ် ကရုဏာရှင်ယေဇူးဗိမ္မာန်သို့လည်ပတ်ခြင်း




ကရုဏာရှင်ယေဇူးထံပြုသော သဒ္ဓါကြည်ညိုခြင်းကို ကမ္ဘာအနှံ့သို့ပြန့်နှံ့စေခဲ့သည့် ကရုဏာရှင်ယေဇူးဗိမ္မာန်သို့ ဇူလိုင်လ(၃၀)ရက်နေ့က ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ် ကြွရောက်ကာ ရာပေါင်းများစွာသောလူတို့မှ ကြိုဆိုခဲ့ပါသည်။ အရှင်သူမြတ်သည် စစ္စတာရ်ဖောစတီးနား၏ အုပ်ဂူ၌လည်းကောင်း သူမထံသို့ ထင်ရှားပြခဲ့သော ကရုဏာရှင်ယေဇူးရုပ်ပုံတော် ရှေ့မှောက်၌လည်းကောင်း၊ ဆုတောင်းမေတ္တာပြုခဲ့ပါသည်။ သနားကြင်နာခြင်း၏ သီလရှင်များအသင်းဂိုဏ်းဧည့်သည်တော်မှတ်တမ်း၌ ယဇ်ပူဇော်ခြင်းကိုမဟုတ်သနားကြင်နာခြင်းကို ငါအလိုရှိ၏ဟု ရေးထိုးပြီး ဂုဏ်ကျေးဇူးတော်နှင့်မေတ္တာကိုအတူတကွရွတ်ဆိုဆုတောင်းခဲ့ပါသည်။

စောင့်ဆိုင်းနေကြသော လူငယ်များအား အရှင်သူမြတ်က ကျွန်ုပ်တို့ရဲ့ အပြစ်များများယွင်းမှုများကို အဆိုးရွားဆုံးဟု ကျွန်ုပ်တို့ထင်ကြလျှင်တောင်မှ ယေဇူးထံပါးမှအဝေးသို့ဘယ်သောအခါမှမထွက်သွားလိုက်ပါနှင့်ကျွန်ုပ်တို့ရဲ့အပြစ်အခြေအနေအတိုင်းကိုယ်တော်ရှင် ကျွန်ုပ်တို့ကိုအလိုရှိတယ်။ သူ့ရဲ့ သနားကြင်နာခြင်းကို သွန်းလောင်းပေးနေတယ် ဟု မြွက်ကြားခဲ့ပါသည်။ ထို့နောက် အရှင်သူမြတ်က ကရုဏာရှင်ယေဇူးဗိမ္မာန်၏ သန့်ရှင်းသော တံခါး Holy door မှဝင်ရောက်ကာ လူငယ်ငါးဦး၏ အပြစ်ဖြေခြင်းကိုနားထောင်ပေးခဲ့ကြောင်း Rome Report သတင်းအရသိရှိ ရပါသည်။ (RVA)

# အတိတ်ကအမှတ်ရစရာများနှင့်ခွန်အားတို့ ဖြင့် အနာဂတ်၏မျှော်လင့်ချက်များဖြစ်ရမည်



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်သည် ရောမမြို့တော်သို့ပြန်လည်ထွက်ခွာမသွားခင် ၎င်းအားနေ့ရောညပါ၊ ခရက်ကောင်းဂိုဏ်းချုပ်ဆရာတော်ကြီးနှင့်အတူ စောင့်နေခဲ့ကြသည့်လူငယ်များအားတွေ့ဆုံလိုသည့်အတွက် ပြူတင်းဝမှ တစ်ဆင့် ထပ်မံကြည့်ရှုခဲ့ပါသည်။

"ယခုနှင့်ပြီးခဲ့တဲ့နေ့ရက်အတွင်း၊ ကျွန်ုပ်ကိုကြိုဆိုခဲ့ကြတဲ့အတွက်သင်တို့ကိုကျွန်ုပ်ကျေးဇူးတင်ပါတယ်၊ သင်တို့ကိုကျွန်ုပ်ကောင်းကြီးပေးချင်ပါတယ်၊ ကျွန်ုပ်အတွက်လည်း ဆုတောင်းပေးဖို့ မမေ့ကြပါနှင့်"ဟု အရှင်သူမြတ်က မြွက်ဆိုခဲ့ပါသည်။ Tauron Arena သို့ အရောက်စိတ်လှုပ်ရှားနေသော ပရိတ်သတ်ကြီးကသက်သေဖြစ်ကာ နာမည်ကြီး ခေတ်ပေါ်ရော့ခ်ရှိုးပွဲတစ်ခုအလားဖြစ်နေပါသည်။ ထိုနှုတ်ဆက်ပွဲအစီအစဉ်မှာခရက်ကောင်းမှကမ္ဘာ့လူငယ်များနေ့ ဆက်ကပ်လူငယ်များမှကြပ်မတ် စီစဉ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ပုပ်ရဟန်းမင်းကြီး၏ အာရုံစိုက်မှုကို ရယူရန်မိမိတို့တတ်မှတ်သမျှ တီထွင်မှုများဖြင့် တက်ရောက်လာသည့် လူငယ်များက ကြိုးပမ်းခဲ့ကြပြီး လူငယ်လေးတစ်ဦးမှ ၎င်း၏ ဖုန်းနံပါတ်ကို ဆိုင်းဘုတ် အကြီးကြီးဖြင့်ရေးကာ ပါပါး ဖုန်းခေါ်ပါ Pa Pa, Call me. ဟုရေးသားကာ ဆိုင်းဘုတ်အားဝှေ့ယမ်းခဲ့ပါသည်။

ထို့နောက်အရှင်သူမြတ်ပုပ်ဖရန်စစ်သည် စိန့်ဂျွန်ပေါလ် ငယ်စဉ် ကထဲက သဒ္ဒါကြည်ညိုခြင်းရှိသော မယ်တော်ရုပ်ပုံတော်ရှေ့တွင် ဆုတောင်းမေတ္တာပြုခဲ့ကြောင်း ခရက်ကောင်းလူငယ်ပွဲတော်လာလူငယ်များအား မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာ သတင်းစကားပေးသည့်အတွက် ဆက်ကပ်လူငယ်များက ပုပ်ဖရန်စစ်အားကျေးဇူးတင်ခဲ့ပါသည်။၎င်းအပြင် ပနားမားနိုင်ငံမှ ဆက်ကပ်လူငယ်တစ်ဦးက အရှင်သူမြတ်အား ရုပ်အကျီတစ်ထည်လက်ဆောင်ပေးခဲ့ပါသည်။ ကမ္ဘာ့လူငယ်များနေ့ကို အဆင်ပြေချောမွေ့စေရေးအတွက် ပြီးခဲ့သည့်လများထဲကစတင်ကာ မနားမနေကြိုးပမ်းမှုများအတွက် ၎င်းတို့သည် အနာဂတ်အတွက် မျှော်လင့်ချက်ဖြစ်ကြောင်း အတိတ်က အမှတ်ရစရာများနှင့် ပစ္စုပ္ပန်အတွက် ခွန်အားသတ္တိတို့နှင့် လုပ်ဆောင်ကြမည့် လူငယ်များဖြစ်ကြသည်ဟုဆိုကာ အရှင်သူမြတ်ပုပ်ဖရန်စစ်က ဆက်ကပ် လူငယ်များအား အထူးကျေးဇူးတင်ခဲ့ပါသည်။"၂၀၁၉ ကမ္ဘာ့လူငယ်များနေ့ ပနားမားမှာကျွန်ုပ် ရှိနေအုံးမလား ဆိုတာမသေချာပေမဲ့ သေချာတာတစ်ခုကတော့ စိန့်ပီတာဟာ အဲ့ဒီမှာရှိလိမ့်မယ် နောက်ပြီးသင်တို့ အဖိုးအဖွားတွေနဲ့ အသိဉာဏ်တိုးပွားဖို့ စကားပြောကြရဲ့လား၊ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို သတ္တိရှိရှိနဲ့ ရင်ဆိုင်နိုင်ပြီးအနာဂတ်အတွက်အစီအစဉ်များ ဆွဲခဲ့ကြလားဆိုပြီး သူကသင်တို့ကိုမေးပါလိမ့်မယ်" ဟု အရှင်သူမြတ်က လူငယ် နှစ်သောင်းခန့်တို့အား မြွက်ကြားခဲ့ပါသည်။

ဤသည်မှာ၂၀၁၆ ခရက်ကောင်း ကမ္ဘာ့လူငယ်များနေ့ အဆုံးသတ်အစီအစဉ်ပင်ဖြစ်ကာ ၂၀၁၉ ခုနှစ် ပနားမား ကမ္ဘာ့လူငယ်များနေ့ကို ရည်တွက် စောင့်မျှော်ရန် အချိန်စတင်လိုက်ခြင်း ဖြစ်ပါကြောင်း Rome Report သတင်းအရ သိရှိရသည်။ **(RVA)**

# ၂၀၁၉ ကမ္ဘာ့လူငယ်များနေ့ကို ပနားမားတွင်ကျင်းပမည်



ဇူလိုင်လ ၃၁ ရက်၊ ပိုလန်နိုင်ငံ ခရက်ကောင်းမြို့တွင်ကျင်းပသော (၃၁) ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့ ပိတ်ပွဲမစ္ဆားတရားတော်မြတ်ကြီးအပြီး၊ အန်ဂျေလူးမေတ္တာ မတိုင်ခင်တွင် နောက် (၃) နှစ်တာ၊ ၂၀၁၉ ခုနှစ်တွင် ကျရောက်မည်ဖြစ်သော (၃၂) ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့သည် ပနားမားတွင် ဖြစ်မည်ဖြစ်ကြောင်းပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က ကြေငြာလိုက်ပြီဖြစ်ပါသည်။

"အခုလို ကမ္ဘာ့လူငယ်များနေ့ကို ပါဝင်ခွင့်ရတဲ့အတွက်၊ သင်တို့ အားလုံးနှင့်အတူ ဘုရားရှင်အား ကျွန်ုပ် ကျေးဇူးတင်ပါတယ်။ Cardinal Dziwisz နှင့်အတူ ဒီပွဲတော်ဖြစ်မြောက်ရေးအတွက် ဆက်ကပ်ပြင်ဆင်ပေးကြသူများ အားလုံးကိုလည်းကျွန်ုပ်ကျေးဇူးတင်တယ်။

အထူးသဖြင့် မိမိတို့ရဲ့ ယုံကြည်ခြင်းတွေနှင့် ခရက်ကောင်းမြို့တော်ကိုပြည့်လျှံသွားစေတဲ့ သင်တို့လူငယ်တွေအားလုံးကို ကျွန်ုပ် အထူးကျေးဇူးတင်ပါတယ်၊ ပုပ်ဂျွန်ပေါလ်ဟာ အထက်ကောင်းကင်ကနေ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမှာဖြစ်ပြီး ဧဝံဂေလိသတင်းကောင်းမှ ရရှိသော ဝမ်းမြောက်ရွှင်လန်းမှုကို ဝေငှသက်သေခံရာမှာ သင်တို့ကို ကူညီပေးပါလိမ့်မယ်။ ဘုရားစင်နဘေးနားက ရဟန္တာဂျွန်ပေါလ် ဂါရဝပြုခဲ့တဲ့ မယ်တော်ရဲ့ပုံတော်နားမှာမယ်တော်ဟာ၊ ကျွန်ုပ်တို့ကို၊ ပိုလန်နိုင်ငံကနေရရှိတဲ့ အတွေ့အကြုံတွေကို ဘယ်လို တိုးပွားအောင် ပြုရမယ်ဆိုတာကို သင်ကြားပေးနေပါတယ်။ သူမပြုသလိုပြုလုပ်ကြဖို့ကျွန်ုပ်တို့ကို သူမကပြောနေတယ်။ ကျွန်ုပ်တို့ လက်ခံရရှိတဲ့လက်ဆောင်များကို တန်ဖိုးထားပြီး နှလုံး၌သိမ်းပိုက်ကာ၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တိုးပွားနိုင်ဘို့၊ အသီးသီးနိုင်ဘို့ဖြစ်ပါတယ်။ ဒီလိုနည်းအားဖြင့် အားနည်းချက်၊ ကန့်သတ်ချက်တွေ ရှိလင့်ကစား သင်တို့နေထိုင်ရာ အိမ်၊ ကျောင်း၊ အလုပ်၊ မိသားစု၊ အဖွဲ့အစည်းများအကြား၊ ဘုရားရှင်ရဲ့ မျှော်မြင်တော်မူခြင်း ဦးတည်ရာနေရာတိုင်းမှာ သခင်ခရစ်တော်ကို သက်သေခံနိုင်သူများဖြစ်ကြပါမယ်။ ဘုရားရှင်ရဲ့မျှော်မြင်တော်မူခြင်းဟာ ကျွန်ုပ်တို့ထက်အမြဲတမ်းတစ်လှမ်းသာတယ်၊ ၁၉၈၅ခုနှစ်မှာပုပ်ဂျွန်ပေါလ်စခဲ့တဲ့ ဒီပွဲတော်ကိုပဲကြည့်ပါ။အမြဲရှေ့ရှုနေတယ်။ ဒါကြောင့် ဒီနေ့ကျွန်ုပ် ဝမ်းမြောက်ဝမ်းသာစွာနဲ့ ကြေငြာလိုပါတယ်။

သာသနာအဆင့်ပွဲနှစ်ခု ပြီးရင်နောက်ထပ် ကမ္ဘာ့လူငယ်များ ပွဲနေ့ဟာ ၂၀၁၉ ခုနှစ်မှာ ဖြစ်ပြီး ပနားမားမှာ ကျင်းပမှာဖြစ်ပါတယ်။ အမိမယ်တော်ရဲ့ ကြားဝင်ဆုတောင်းပေးခြင်းကို အားကိုးကာ၊ ကမ္ဘာပေါ်နှင့် အသင်းတော်ကြီး အတွင်းမှာရှိသော လူငယ်များတို့သည်၊ ဘုရားရှင်၏သနားကြင်နာခြင်းကို သက်သေခံနိုင်သည့်နောက်လိုက်ကောင်းများ ဖြစ်စေကာလူငယ်များရဲ့ ခရီးလမ်းသာယာစေပါမည့်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်ထံ အလင်းကျေးဇူးတော်ကို တောင်းခံသွားကြပါစို့"ဟုဆိုကာ ပိုလန်နိုင်ငံတွင် ကျင်းပသော(၃၁) ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့ ပိတ်ပွဲအခမ်းအနားနှင့်မစ္ဆားတရားတော်မြတ်တွင် အရှင်သူမြတ် ပုပ်ဖရန်စစ်က မြွက်ကြားခဲ့သည်ကို ဗာတီကန်ရေဒီယိုသတင်းရရှိပါသည်။ **(RVA)**

# အကြမ်းဖက်မှုတိုင်းတွင် အစ္စလာမ်များဟု မဆိုလိုနိုင်ပါ




ဇူလိုင်လ(၃၁)ရက်နေ့ ခရက်ကောင်းမှ အပြန်လေယာဉ်ပေါ်၌ ပုပ်ရဟန်းမင်းကြီးက သတင်းထောက်များအား ဘာသာရေးတိုင်း၌ အကြမ်းဖက်မှုများ ရှိသည်။ ဘာသာရေးတစ်ခုတည်းကိုသာ စွပ်စွဲပြောဆို၍မရကြောင်းပြောကြားခဲ့သည်။ "အစ္စလာမ်အကြမ်းဖက်မှုအကြောင်း အစ္စလာမ်ဘာသာရေး အစွန်းရောက်သူများတို့၏ အကြောင်းကိုသာ ကျွန်ုပ်မပြောဆိုလိုပါ။ ဘာကြောင့်လည်းဆိုတော့ နေ့စဉ်သတင်းစာတွေထဲမှာ အီတလီမှာဖြစ်ခဲ့တဲ့ အကြမ်းဖက်မှုတွေကို တွေ့နေရလို့ဘဲ ဖြစ်တယ်။ အကြမ်းဖက်သူတွေဟာ ဆေးကြောခြင်းခံယူထားတဲ့ခရစ်ယာန်တွေပါ။ ကက်သလစ်ခရစ်ယာန် အကြမ်းဖက်သူတွေဖြစ်တယ်။ အကယ်၍ အစ္စလာမ်အကြမ်းဖက်မှုအကြောင်း ကျွန်ုပ်ပြောဆိုလျှင် ကက်သလစ် အကြမ်းဖက်မှု အကြောင်းကိုလည်း ပြောဆိုရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ ပြင်သစ်ရဟန်းတစ်ပါးအသတ်ခံရမှုနှင့်ပတ်သက်၍ အစ္စလာမ် ဘာသာရေးအကြမ်းဖက်သူများဟု အမည်တပ်စွပ်စွဲခဲ့ခြင်း၌ ရဟန်းမင်းကြီးက လူနည်းစုတစ်စု၏ လုပ်ရပ်တစ်ခုအတွက် ဘာသာရေးတစ်ခုလုံးကို စွပ်စွဲပြောဆိုရန်မသင့်လျော်ကြောင်းပြောကြားခဲ့သည်။ ဘာသာတရားတိုင်းတွင် အစွန်းရောက်လူနည်းစုကိုယ်စီရှိမြဲဖြစ်သည်။ ထိုအရာသည် အမှန်တရားဖြစ်သည်။ ဘာသာရေး အစွန်းရောက်လူနည်းစုတို့သည် လူ့အသက် သတ်ဖြတ်ခြင်းအဆင့်သို့ ရောက်သောအခါစကားတစ်ခွန်းတည်းဖြင့်လည်း အသက်သေစေနိုင်ကြောင်း၊ ထို့ကြောင့်ရှင်ယာကုပ်က "ဓားတစ်ချောင်းနှင့်လည်း လူကိုသတ်စေနိုင်ပါသည်"ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပုပ်ရဟန်းမင်းကြီးကအကြမ်းဖက်မှုတိုင်းကို အစ္စလာမ်ဟု အမည်တပ်လျှင် မှန်ကန်လိမ့်မည်မဟုတ်။ ထိုအရာသည် အမှန်တရားတစ်ခုလည်း မဟုတ်ပေ။ ဘာသာရေး အစွန်းရောက်သူအဖြစ် ရောက်ရှိသွားခဲ့သော သူများသည် မိမိတို့၏ဘဝတွင် တန်ဖိုးထားစရာ၊ မြတ်နိုးစရာ၊လုပ်ဆောင်စရာမရှိတော့ခြင်းကြောင့်ဖြစ်သည်။

ဇူလိုင်(၂၈)ရက် Czestochowa အတွင်းရှိ မယ်တော်ဗိမ္မာန် အပြင်ဘက်မဏ္ဍာတရား ဟောစဉ်အတွင်း ပုပ်ရဟန်းမင်းကြီးသည် ခြေလှမ်းယိုင်လဲသွားခဲ့ကြောင်း၊ ကောင်းကြီးပေးခဲ့သော ပလ္လင်ခုံနှင့် နံ့သာတိုက်ပူဇော်ခဲ့သော မယ်တော်သခင်မရုပ်ပုံလွှာကို သတိယ အောက်မေ့နေကြောင်းပြောကြားသွားခဲ့သည်။

"ကျွန်ုပ်သည် မယ်တော်သခင်မကို ငေးမောနေခဲ့ခြင်းကြောင့် လှေကားထစ်ကို မမြင်နိုင်ခြင်းဖြစ်ကြောင်း၊ လူငယ်များနှင့် စကားစမည် ပြောဆိုခဲ့ရခြင်းနှင့်ပတ်သက်၍ ပုပ်ရဟန်းမင်းကြီးက သူတို့ထံမှ ကျွန်ုပ်တစ်ခါမှမတွေးဖူးခဲ့သောတွေးမည်လည်းမဟုတ်သော အကြောင်းအရာများကို သိရကြားရပါသည်" ဟုဆိုပြီးအတိတ်နှင့်အနာဂတ်အကြား လူသားအချင်းချင်းအပြန်အလှန်ဆွေးနွေး ပြောဆိုခြင်း၏အရေးကြီးပုံနှင့် အချင်းချင်း အပြန်အလှန်သင်ယူလေ့လာကြရမည် ဖြစ်ကြောင်းတို့ကို အသားပေးပြောပြသွားခဲ့သည်။ ဆက်လက်၍ပုပ်ရဟန်းမင်းကြီးက "သူတို့ကိုနားထောင်ပါ၊ စကားပြောကြည့်ပါ သူတို့သည် ကျွန်ုပ်တို့ထံမှ သင်ယူရမှာဖြစ်သလိုကျွန်ုပ်တို့သည်လည်းသူတို့ထံမှ သင်ယူကြရမည်ဖြစ်သည်။ ထိုအရာသည် ကျွန်ုပ်တို့ရှင်သန်ကြီးထွားခြင်း၏အစနှင့် သမိုင်းလည်းဖြစ်သည်။ ထို့ကြောင့် သူတို့ကို ချန်မထားပါနှင့်၊အပြစ်မတင်ပါနှင့်"ဟုလည်း မိန့်ကြားခဲ့ကြောင်း CNS သတင်းမှသိရှိရပါသည်။

**CBCM-OSC**

# တွေ့ဆုံမေးမြန်းခြင်း

ပိုလန်နိုင်ငံ၊ ခရက်ကောင်းတွင် ပြုလုပ်ကျင်းသော ကမ္ဘာ့လူငယ်ပွဲတော်တွင် လူငယ်များအား ဘုရားစကားသင်ကြားပေးခဲ့သူ ဖိလစ်ပိုင်နိုင်ငံကာဒီနယ် *Luis Antonio Tagle* (နိုင်ငံတကာ ဆိုင်ရာ ကရိတ္တာ ဥက္ကဌ)နှင့်တွေ့ဆုံမေးမြန်းခြင်းကိုအတိုချုပ်ကာ ပြန်လည်တင်ပြလိုက်ပါသည်။



**မေး။ ကမ္ဘာ့လူငယ်ပွဲတော်ကို ရဟန်းမင်းကြီးအရှင်သူမြတ်ကြွရောက်လာတဲ့အချိန် စင်မြင့်ပေါ်မှာ ကိုယ်တော့်ကိုပွေ့ဖက်တာကိုတွေ့ခဲ့ရတယ်။**

ဖြေ။ ရဟန်းမင်းကြီးဖရန်စစ်က ပွေ့ဖက်တတ်သူဖြစ်တယ်။ ပွေ့ဖက်တယ်ဆိုတာက ဖခင်ရဲ့စိတ်ထားဖြစ်သလို မိတ်ဆွေလည်းဖြစ်တယ်။ စင်ပေါ်မှာ ကျွန်ုပ်ကိုပွေ့ဖက်ရင်း "သင်ဟာလူငယ်များနှင့်အတူတူရှိရမယ်၊ ကာဒီနယ်များနှင့် ဒီစင်ပေါ်မှာမနေရဘူး"လို့ မိန့်ကြားခဲ့ပါတယ်။

**မေး။ ကိုယ်တော်က အမြဲတမ်း နုပျို လန်းဆန်းနေတယ်နော။**

ဖြေ။ ကိုယ့်ကိုယ်ကို အထူးဂရုမစိုက်ပေမယ့် ကယ်တင်ရှင်တော့ အထူးဂရုစိုက်လို့ တန်ဖိုးထားပါတယ်။ ကျွန်ုပ်တို့အတွက် မိမိအသက်ကိုပေးပြီး အချစ်ကိုသက်သေပြတဲ့ ခရစ်တော်ကိုစဉ်းစားတိုင်းမှာ ပျော်ရွှင်ခြင်းနှင့်အတူ မျှော်လင့်ခြင်းကိုလည်း ပေးနေတယ်။

**မေး။ ဒီလူငယ်ပွဲတော်မှာ ငိုခဲ့ပြီးပြီလား။ (ကာဒီနယ်သည် မိမိခံစားချက်အတိုင်း မျက်ရည်ကျ ငိုတတ်လေ့ရှိသည်)**

ဖြေ။ ဟုတ်ကဲ့ (ရယ်လျက်)။ တကယ်တော့ ငိုဖို့ရယ်လို့ကြိုတင်မစီစဉ်ထားပါဘူး၊ သူ့ဘာသာဖြစ်ပေါ်လာတာပါ။ ရဟန်းမင်းကြီးအရှင်သူမြတ်နှင့် ဒုက္ခစရိယာကားတိုင်လမ်းလှည့်တဲ့အချိန်မှာ ခရစ်တော်ကဲ့သို့ လက်ဝါးတိုင်တင်သတ်ခံရတဲ့သူများအတွက် ကျွန်ုပ်တို့ငိုကြရမှာဖြစ်တယ်။

**မေး။ လူငယ်တွေကို ဘုရားစကားသင်ပေးတဲ့အခါမှာ အဖြေပေးရအခက်ဆုံးမေးခွန်းရှိပါသလား။**

ဖြေ။ အကြမ်းဖက်ခြင်း(သို့)အကြမ်းဖက်သူများကို ဘယ်လိုခွင့်လွှတ်သလဲ" ဆိုတဲ့လူငယ်တွေမေးတဲ့မေးခွန်းက အဖြေရအခက်ဆုံးအမေးခွန်းတစ်ခုဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို ဘယ်လိုနစ်သိမ့်ရသလဲဆိုတော့ လက်ဝါးကားတိုင်တော်ကိုကြည့်ပြီး ခွန်အားယူရပါတယ်။ ဘုရားသခင်ထံမှ ခွင့်လွှတ်နိုင်အောင်တောင်းခံရမယ်၊ သမိုင်းကြောင်းကို ပြန်ကြည့်တဲ့အချိန်မှာ ခရစ်တော်ကိုယ်တိုင် အကြမ်းဖက်သမားများကိုသာမက သူ့ကိုရောင်းစားခဲ့တဲ့သူကိုတောင် အခွင့်လွှတ်ပေးခဲ့တယ်၊ ရဟန္တာဂျွန်ပေါလ်ဒုတိယကိုကြည့်မယ်ဆိုရင်လည်း သူ့ကိုသတ်ဖို့ရန်ကြိုးစားတဲ့သူဆီကိုကြွသွားပြီး အခွင့်လွှတ်တဲ့အကြောင်း မိန့်ကြားခဲ့တယ်။ ဒါတွေက တကယ့်လက်တွေ့ ကျင့်ဆောင်ခြင်းဖြစ်ပါတယ်။

**မေး။ လူငယ်ပွဲတော်မှာ selfies ဘယ်နှစ်ခါရိုက်ခံရပြီးပြီလဲ။**

ဖြေ။ (ရယ်လျက်)မမှတ်မိတော့ဘူး၊ အခုခေတ်မှာ လူငယ်များနှင့်ဆက်သွယ်ခြင်းနှင့် လူငယ်များနှင့်အတူရှိနေခြင်းနည်းလမ်းတစ်ခုပါ။

**မေး။ ငယ်ရွယ်ခြင်းဆိုတာ စာတစ်ကြောင်းတည်းနှင့်ဘယ်လိုဆိုလိုပါသလဲ။**

ဖြေ။ ငယ်ရွယ်ခြင်းဆိုတာ ကျေးဇူးတော်လက်ဆောင်နှင့် သူတစ်ပါးအားဝေမျှပေးရမယ့်ဆုကျေးဇူးဖြစ်ပါတယ်။ (cbcm-osc)

# စိန့်ပီတာဘုန်းတော်ကြီးညီအစ်ကိုများဂိုဏ်း

(FSSP) The Priestly Fraternity of St Peter စိန့်ပီတာ၏ ဘုန်းတော်ကြီး ညီအစ်ကိုတော်များ ဘုန်းတော်ကြီး အသင်းဂိုဏ်းသည် ထုံးတမ်းအစဉ်အလာ လွန်စွာကျင့်သုံးသော အသင်းဂိုဏ်းဖြစ်သည်။

မစ္ဆားတရားတော်မြတ်အား ၁၉၆၀ နှစ်များ မတိုင်မီကကဲ့သို့ ဘုန်းတော်ကြီးက ပရိသတ်အား ကျောပေးဝတ်ပြုသော ထုံးတမ်းအစဉ်အလာနှင့် လက်တင်ဘာသာစကားကိုသာ မစ္ဆားတရားတွင် အသုံးပြုခြင်း အစရှိသည်တို့ကို ကျင့်သုံးသည်။

ရဟန်းမင်းကြီး ဘက်နအ်(၁၆)၏ အတည်ပြုခြင်းဖြင့် ပေါ်ပေါက်လာသော အသင်းဖြစ်ကာ ယခုအချိန်တွင် နိုင်ငံ ၃ နိုင်ငံတွင်သာ တည်ရှိသေးသည်။ ထုံးတမ်းအစဉ်အလာများကို လိုက်နာကျင့်သုံးကြသော်လည်း အသင်းဝင်များစွာရှိသော အသင်းဂိုဏ်းတစ်ခုဖြစ်သည်။

အသင်းဂိုဏ်းသည် မစ္ဆားတရားတော်မြတ်အား လွန်စွာအထွဋ်အထိပ်ထားကာ သင်္ကန်း၊ ဘုရားကျောင်းနှင့် မစ္ဆားပလ္လင်အပြင်အဆင်များသည် အလွန်ကောင်းလှသည်။ (Staff Reporter သတင်းဌာန ဇူလိုင် ၂၉ ရက် ၂၀၁၆ သတင်းမှ မွန်းဆောင် ဘာသာပြန်ထားပါသည်။) (လောရန့်စ်)


# ညီအစ်ကိုနှစ်ယောက် WYD တွင်ပြန်ဆုံ



ဆီးရီးယားမှ ညီအစ်ကိုအရင်းနှစ်ယောက်ကမ္ဘာ့လူငယ်များနေ့၌ပြန်လည်ဆုံဆည်းခဲ့ကြရာ ညီအစ်ကိုနှစ်ဦးအနက်အသက်(၃၄) နှစ်ရှိအစ်ကိုဖြစ်သူမှာ Youself Astfan ဖြစ်ပြီး၊ အသက်(၂၅) နှစ်ရှိ Al Astfan ညီဖြစ်သည်။ အစ်ကိုဖြစ်သူသည် (၂၀၁၁)မက်ဒရစ်ကမ္ဘာ့လူငယ်များ အခမ်းအနားသို့လည်း တက်ရောက်ခဲ့ဖူးသူဖြစ်ပြီး၊ ညီဖြစ်သူအတွက်သာလျှင် ယခုအကြိမ်သည်ပထမဆုံးဖြစ်သည်။ အစ်ကိုဖြစ်သူသည် ဂျာမဏီနိုင်ငံ၌ ထွက်ပြေးခိုလှုံနေခဲ့သည်မှာ (၁၈)လရှိပြီဖြစ်ကြောင်းသူသည်စက်မှုအင်ဂျင်နီယာဘာသာရပ်ဖြင့် မာစတာတက်ရောက်သင်ကြားနေကြောင်း၊ ၄င်းတို့သည် အာလက်ပိုမြို့၌ နေထိုင်သောကြောင့် အလွန်အန္တရာယ်ရှိကြောင်း၊ ၄င်းတို့၏ မွေးရပ်မြေကို မစွန့်လိုသော်လည်း အခြေအနေကြောင့်ထွက် ပြေးလာခဲ့ရကြောင်း၊သူ၏မိဘ၊ညီအစ်ကို မောင်နမနှင့်သူ၏ဇနီးပင် ဆီးရီးယား၌ကျန်ရစ်နေကြောင်း၊ လက်တလောမှာ ဒုဘိုင်းတွင် အလုပ်လုပ်နေကြောင်း၊ညီဖြစ်သူနှင့် ယခုပြန်လည်ဆုံဆည်းနိုင်ခြင်းဖြစ်ကာ ယခုတွေ့ဆုံမှုသည်(၃)နှစ်အတွင်း ပထမအကြိမ်ဖြစ်သည်။ဘဝတူ၊ဘာသာတူသောကမ္ဘာ့လူငယ် များစွာနှင့်ဆုံဆည်းခွင့်ရသည့်အတွက်လည်းဝမ်းသာကြောင်းပြောကြားခဲ့သည်။ယခုကဲ့သို့ ကမ္ဘာ့လူငယ်များနေ့သို့ ယေရှု၏ နာမတော်၌ လူငယ်များစွာကို ဆုံတွေ့ခွင့်ရသည့်အတွက် အလွန်ကျေနပ်အားတက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော်ဥရောပတွင် ဘာသာတရားမရှိကြတော့ဘူး၊ မလိုက်စားကြတော့ဘူးဟု လူများပြောဆိုနေကြသည်မှာ၊ မဟုတ်မှန်ကြောင်း ဤကမ္ဘာ့ လူငယ်များနေ့သည် သက်သေကောင်းတစ်ခုဖြစ်သည်။

ထို့ကြောင့်ကက်သလစ်ဖြစ်၍အသက်ကိုဖက်နှင့် ထုပ်နေရသော်လည်း ဂုဏ်ယူကြောင်း၊ ဆီးရီးယားနိုင်ငံ၌ ခရစ်ယာန်ဖြစ်ရခြင်းသည်ကျိန်စာခံရတာနှင့်တူကြောင်း၊ (၂၀၁၁) မှစ၍ပြည်တွင်းစစ်အစပျိုးခဲ့ရာ၊အပြစ်မဲ့ပြည်သူပေါင်း(၂၇၀ ၀၀၀) သေကြေခဲ့ရပြီး၊ (၁၂)သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရကြောင်းအချို့သူပုန်များသည် ခရစ်ယာန်များနှင့်လူနည်းစုဘာသာခြားများကို ပစ်မှတ်ထား၍တိုက်ခိုက်မှုများပြုလုပ်ကြကြောင်း၊ ညီအစ်ကိုနှစ်ဦးယခုကဲ့သို့ တွေ့ဆုံခွင့်ရ၍ပျော်ရွှင်သကဲ့သို့၊ ဘဝတူ၊ဘာသာတူသော ကမ္ဘာ့လူငယ်များစွာနှင့်ဆုံဆည်းခွင့်ရသည့်အတွက်လည်း ဝမ်းသာကြောင်းပြောကြားခဲ့သည်။ (လောရန့်စ်)

# ကမ္ဘာ့လူငယ်များနေ့ တံဆိပ်ရေးဆွဲကွယ်လွန်ခြင်း



ကမ္ဘာ့လူငယ်များနေ့ အမှတ်တံဆိပ်ဒီဇိုင်နာရေးဆွဲမှာ Maciek Szymon Celsla ကက်သလစ်ဘာသာကို အယုံအကြည်မရှိခဲ့ပါ။သူရေးဆွဲသောဒီဇိုင်းများကိုနှစ်သက်သည့်အတွက်ကမ္ဘာ့လူငယ်များနေ့ကျင်းပရေးကော်မရှင်အဖွဲ့က လက်တွဲလုပ်ရန်သူ့ကိုဖိတ်ခေါ်ခဲ့သည်။သူကလက်ခံပြီး အချိန်ပြည့် လုပ်ကိုင်ပေးခဲ့ပါသည်။ သူ၏ခရစ်ယာန် ယုံကြည်ခြင်းကို ကက်သလစ်ဘာသာတွင် ပြန်ရှာတွေ့ခဲ့သည်။ သို့သော် သူ့ကင်ဆာဆဲလ်သည် အဆုတ်နှင့်အတွင်းပိုင်းကိုပါထိနေသည်ကိုသိလိုက်ရသည်။ ကင်ဆာရောဂါကို ကုသရန် သူ၏ခြေထောက်ကို ဖြတ်ခဲ့ရသော်လည်း ကင်ဆာကို မကာကွယ်နိုင်ခဲ့ပါ။ သူသည် ဇူလိုင်လဆန်းတွင် ကွယ်လွန်ကာ ဇူလိုင်လ(၅)ရက်၌ သင်္ဂြိုလ်သည်။

သူ၏မိဘများက ဒီဇိုင်နာလေး ကွယ်လွန်ခြင်းအပေါ်ဝမ်းနည်းကြောင်း ပန်းစည်းများ၊ ဝမ်းနည်းစာများကို အကုန်အကျ ခံပို့ပေးကြမည့်အစား စိန့်လာဇရုဆေးရုံကို ပေးလှူကြပါရန်ပြောကြသည်။

ရဟန်းမင်းကြီး ဖရန်စစ်က ကမ္ဘာ့လူငယ်များနေ့တွင် သူ၏ဝိညာဉ်အတွက် ဆိတ်ငြိမ်စွာဆုတောင်းပေးရန် လူငယ်များအားပြောကြားကာ **"သူဟာ လူတွေအပေါ် အလွန်အကျိုးရှိသူ တစ်ဦးဖြစ်တယ်"** ဟု မှတ်ချက်ပြု ပြောကြားခဲ့သည်။

သူ့ Youtube video တစ်ခုတင်ပြီး သူမဆုံးခင် သူ၏သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်မိသားစုဝင်များကို ကျေးဇူးတင်စကားပြောခဲ့ကာ ပျောက်ဆုံးသွားတဲ့ ဘုရားရှင်ကို သူ့ဘဝတွင်မည်ကဲ့သို့ ရှာတွေ့ခဲ့ကြောင်း ဝေမျှခဲ့သည်။ "ဘုရားသခင်ရဲ့ချစ်ခြင်းကကင်ဆာရောဂါနှင့်ကပ်ဘေးဆိုးများထက်သာလွန်ပါတယ်"ဟုပြောခဲ့သည်။

ပိုလန်နိုင်ငံတွင်ကျင်းပသောကမ္ဘာ့လူငယ်များနေ့၌ပုပ်ဖရန်စစ်နှင့် တွေ့ရန် စီစဉ်ခဲ့သော်လည်း သူသည်ထိုအချိန်မတိုင်မီ ကွယ်လွန်ခဲ့ရသည်။

နောက်ဆုံးသူ၏Facebookစာသားမှာ "How quickly life and priorities change! ဘဝအသက်တာနှင့် ဦးစားပေးမှုတွေဟာ မြန်မြန်ဆန်ဆန် ပြောင်းလဲတတ်ပါလား။" ငါတို့တွေမှာ မတူတဲ့ အိမ်မက်ပန်းတိုင်တွေရှိပါတယ်။ တစ်ချို့လူတွေက အလုပ်ရချင်တယ်၊ အောင်မြင်လိုတယ်၊ ရာထူးတက်ချင်တယ်။ ချမ်းသာချင်တယ်။ တချို့ကျတော့ ဒီနှစ် ပိုလန် World Youth Day ကို အောင်အောင်မြင်မြင် ပြီးဆုံးသွားစေချင်တာပေါ့။ ငါကတော့ အသက်ရှင်ဖို့ရက် ၁၅၀ ပဲ ရှိပါတော့တယ်။ငါ့မှာ မျှော်လင့်ချက်တစ်ခုပဲ ရှိပါတယ်။ ငါအသက်ရှင်ချင်တယ်။" ဟုရေးသားခဲ့သည်။ (လောရန့်စ်)

# တောင်ကြီးဂိုဏ်းချုပ်ဆရာတော်ပလ္လင်အပ်နှင်းခြင်း အခမ်းအနားသို့ဖိတ်ကြားလွှာ

We cordially request the pleasrue of the presence
of ........................................................
at the Installation of Bishop Basilio Athai.
(Archbishop of Taunggyi)

**Program**

**Date**
**September 2, 2016;** Arrival
5:00 pm : Welcoming the Delegate
7:00 pm : Entertainment

**September 3, 2016;** Installation
7:00 am : Breakfast
9:00 am : Installation, Holy Mass
11:30 am : Lunch

**Venue :** St. Joseph Cathedral
L - 194, Bayint Naung Rd.,
Lammadaw Qr.,
Taunggyi, Myanmar.

Archbishop Matthias U Shwe, Archbishop Basilio Athai
and Priests, Religious, faithful of Taunggyi.

ဆရာတော်ဘာဆီးလျိုအားသိုက်အား
တောင်ကြီးကက်သလစ်ဂိုဏ်းချုပ်သာသနာဆရာတော်ကြီးအဖြ
ပလ္လင်အပ်နှင်းခြင်း အခမ်းအနားသို့
အောက်ပါအစီအစဉ်အတိုင်းကြွရောက်ချီးမြှင့်ပါရန်
လှိုက်လှဲစွာ ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**စက်တင်ဘာလ(၂)ရက် ၂၀၁၆ ခုနှစ်** : ဧည့်သည်တော်များရောက်ရှိခြ
ညနေ ၅:၀၀ နာရီ။ ။ ရဟန်းမင်းကြီးကိုယ်စားလှယ်တော်အားကြိုဆိုခြင်း
ည ၇:၀၀ နာရီ ။ ။ ဖျော်ဖြေခြင်း။

**စက်တင်ဘာလ(၃)ရက် ၂၀၁၆ ခုနှစ်** : ပလ္လင်အပ်နှင်းခြင်း
နံနက် ၇:၀၀ နာရီ၊ ။ နံနက်စာသုံးဆောင်ခြင်း
နံနက် ၉:၀၀ နာရီ၊ ။ မစ္ဆားတရားတော်နှင့် ပလ္လင်အပ်နှင်းခြင်း
နံနက် ၁၁:၃၀ နာရီ၊ ။ဧည့်သည်တော်များနေ့လည်စာသုံးဆောင်ခြင်း။

**နေရာ**။ ။ စိန့်ဂျိုးဇက်ဘုရားရှိခိုးကျောင်းတော်ကြီး
လ-၁၉၄၊ဘုရင့်နောင်လမ်း
လမ်းမတော်ရပ်၊တောင်ကြီးမြို့။

ဆရာတော်ကြီးမာတီးယားဦးရွှေ၊ ဆရာတော်ကြီးဘာဆီလျိုအားသို
ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာဝင်များ၊ တောင်ကြ

# မာသာရီထရေးဇာ ရဟန္တာတင်မြှောက်ခြင်းကို ဂုဏ်ပြု ရုပ်ရှင်ပြသ

စက်တင်ဘာလ ၄ ရက်နေ့တွင် သူတော်မြတ်အဆင့်မှ ရဟန္တာအဆင့်သို့ တင်မြှောက်တော့မည့် မာသာရီထရေးဇာ၏ အကြောင်းကို သူမငယ်စဉ်ကလေးဘဝမှ စတင်အစချီကာ သူမအကြောင်း စုစည်းတင်ပြ ရိုက်ကူးထားသော နိုင်ငံတကာဆိုင်ရာ ရုပ်ရှင်ပွဲတော်ကြီးကို ပြုလုပ်ပြသပေးမည်ဖြစ်သည်။ ထင်ရှား၍ အဓိကကျ ခိုင်လုံမှန်ကန်သော သတင်းအချက်အလက်များပါရှိသော မာသာရီထရေးဇာ၏ ရုပ်ရှင်ပွဲတော်ကြီးကို ဩဂုတ်လ ၂၆ ရက်မှစတင်၍ (၃)ရက်ကြာ Kolkata တွင် ပြသသွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်ဖြစ်မြောက်ရေးတွင် ပါဝင်စီစဉ်သော Fr. C.M Paul က " ကက်သလစ်သမိုင်းမှာ ဘယ်ရဟန္တာ(သို့)သူတော်မြတ်ကမှ သူတို့ရဟန္တာ မဖြစ်ခင်အထိ သူနဲ့ပတ်သက်ပြီး နိုင်ငံတကာနှင့်ဆိုင်တဲ့ရုပ်ရှင်ပြပွဲတွေမပြုလုပ်ခဲ့ဖူးပါဘူး၊ Kolkata မှာဒီပွဲတော်ပြီးဆုံးသွားတဲ့အခါ ဒီသတင်းက ရပ်တန့်သွားမှာမဟုတ်ဘူး။



ဒီရုပ်ရှင်ပွဲကြီးဟာ နယ်မြေဒေသအနှံ့၊ ပင်လယ်ရပ်ခြားများနှင့် အာရှနိုင်ငံများ ဖြစ်ကြသော မလေးရှား၊ ထိုင်းနှင့်မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ တရုတ်စသည့်နိုင်ငံများအထိ ပြန့်နှံ့သွားမှာပါ" ဟုပြောကြားခဲ့သည်။ သူတော်မြတ် မာသာရီထရေးဇာသည် ကရုဏာရေး သာသနာပြုများအသင်းဂိုဏ်းကို ၁၉၅၀ တွင် စတင်တည်ထောင်ခဲ့သူဖြစ်သည်။ Calcutta ရှိ ဆင်းရဲသားများနှင့်အတူ ၊ဆင်းရဲသားတို့အတွက် ကူညီလုပ်ဆောင်ပေးခဲ့ခြင်းကြောင့် ၁၉၇၉ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဗယ်ဆုကို ရရှိခဲ့သူလည်းဖြစ်သည်။ လာမည့် စက်တင်ဘာလ(၄)ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်က သူမအား ရဟန္တာအဖြစ်သို့တင်မြှောက်မည်ဖြစ်ကြောင်း သတင်း ရရှိပါသည်။ **(cbcm-osc)**

# ဘင်္ဂလားဒေ့ရှ်ကက်သလစ်သာသနာက သာမန်ဘာသာတူများကိုအဓိကထားသွန်သင်

ဘင်္ဂလားဒေ့ရှ် ကက်သလစ်အသင်းတော်သည် ဘုရားစကား၊ ကက်သလစ်လူမှုသွန်သင်ချက်များ၊ တမန်တော်လုပ်ငန်းနှင့်စပ်ဆိုင်သောအရာများတို့ကို သတိမူကြဖို့ရန် ဘာသာတူများကို အဓိကထားပြီး ဆရာဖြစ် သင်တန်းတစ်ခုကို ဖွင့်လှစ်ခဲ့ကြောင်း တစ်နိုင်ငံလုံး ဆိုင်ရာ Laity ရုံးမှ တာဝန်ခံတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

"ကျွန်ုပ်တို့တွေဟာ ခရစ်တော်လိုသနားကရုဏာပြုခြင်း အမှုတွေကို ဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ခြင်းခံရတာပါ။ မိသားစုတွေဆိုတာဟာ အသင်းတော်ရဲ့ သာသနာလုပ်ငန်းအတွက် အဓိကမဏ္ဍိုင်ဖြစ်တယ်။ ခိုင်မာပြီး အင်အားရှိတဲ့ မိသားစုများဖြစ်လာစေဖို့ သာသနာတစ်ခုလုံးမှ ဝိုင်းဝန်းကူညီသင့်တယ်"ဟု ဂိုဏ်းချုပ်ဆရာတော်ကြီး Patrick D'Rorario က သင်တန်းသူ/သားများနှင့်ဘင်္ဂလားဒေ့ရှ် ကက်သလစ်ဆရာတော်များအား ပြောကြားခဲ့သည်ဟုသိရသည်။ သင်တန်းတွင် သာသနာအသီးသီးမှ လူငယ်တစ်ချို့နှင့် အခြားအသင်းတော်မှလူငယ်တစ်ချို့ စုစုပေါင်း (၆၂)ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ ယခုဖွင့်လှစ်သည့် သင်တန်းသည် ဒုတိယအကြိမ် ဖြစ်ပြီး ပထမအကြိမ်ကို (၂၀၁၂) ခုနှစ် တွင် ပြုလုပ်ခဲ့သည်ဟုသိရသည်။

သာသနာထဲတွင် တာဝန်ပေးခံရသည့် ပုဂ္ဂိုလ်တစ်ဦးက လူတွေ မိမိ၏ တာဝန်နှင့်ဝတ္တရားများကို သိမြင်တတ်အောင် အမြင်ဖွင့်သင်တန်းတွေပေးရန်တာဝန်ရှိ သည်ဟုLaity ကော်မရှင်အတွင်းရေးမှူး ဆရာတော်ကြီးက ပြောကြားသွားကြောင်း သိရသည်။

ယနေ့ခေတ် ကက်သလစ်ဘာသာတူများ ဘာသာရေးနှင့်ဆိုင်သည့် ပညာဗဟုသုတ နည်းသထက် နည်းလာရခြင်းသည် သမ္မာကျမ်းစာကို မဖတ်တော့ခြင်း၊ မိသားစုများနှင့်အတူ ဆုမတောင်းတော့ခြင်း၊ ဘုရားကျောင်းကလည်း အစိုးရပြဌာန်းထားသည့် အရာများကိုသာဦး စားပေးသင်ကြားပြီး အသင်းတော်နှင့် ဆိုင်သည့်အရာများကိုသင်ကြားမှုနည်းနေခြင်းတို့ကြောင့်ဖြစ်သည်ဟု ထပ်မံပြော ကြားသွားခဲ့သည်။ ခုလိုသင်တန်းမျိုး ဖွင့်ပေးခြင်းသည် လစ်ဟာနေသည့် ကွက်လပ်များကိုဖြည့်ပေးလိုက်သလိုခံစားရကြောင်းနှင့် နယ်ခံကက်သလစ်များ သင် တန်းပြီးသွားသောအခါ မိမိဒေသတွင် ဆင့်ပွားသင်တန်းပေးကြရမည် ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် Layty ကော် မရှင်မှ Rebeire က ပြောကြား သွား ကြောင်းသိရသည်။

"အမြင်ဖွင့်သင်တန်းဖွင့်ပေးတာဟာ အရမ်းကောင်းတယ်။ အကျိုးကျေးဇူးလဲများတယ်"ဟု သင်တန်းသူ /သားများမှလည်းကောင်း၊ Cecilia Parul Ratna အသက်(၆၅)နှစ် ဆိုသူကလည်း " ဒီသင်တန်းမှာ တန်ဖိုးရှိတဲ့ အရာတွေအများကြီး သင်ယူခဲ့ရတယ်။ သင်တန်းမှာ ရရှိတဲ့ အရာတွေကို ကျွန်မတတ်နိုင်သလောက် ပြန်ပြီးဝေမျှမယ်။ ကျွန်မနေတဲ့သာသနာဟာ အသစ်ဖွင့်လှစ်ထားတဲ့ သာသနာတစ်ခုဖြစ်တယ်၊ သာသနာမှာတိုက်နယ်(၁၆)ခုရှိတယ်၊ ကျွန်မအတွက် အခွင့်အရေးပေါ့။ အဲ့ဒီနေရာမှာသွားပြီး အသင်းတော်တိုးတက်ရာတိုးတက်ကြောင်း ဟောပြောသက်သေခံမယ်"ဟု လည်းကောင်း၊ Sylvester Sarkar ဆိုသူကလည်း "ဒီသင်တန်းဟာ စိတ်ဓာတ် ရေးရာမြှင့်တင်ပေးတဲ့သင်တန်းကြီးတစ် ခုလို့မြင်ပါတယ်။ ကျွန်တော်ဟာ အရင်တုန်းကဆိုရင်ရေမရှိတဲ့အိုးတစ်လုံးလိုဘဲ။ အခုတော့မဟုတ်တော့ဘူး။ အခုဆိုရင် ကျွန်တော် အသင်းတော်ကို ပိုကောင်းမွန်တဲ့နည်းလမ်းတွေနဲ့ အစေခံနိုင်ပြီလို့ ခံစားရကြောင်း ဗာတီကန် ရေဒီယို သတင်းမှ သိရှိရဟုသည်။**(CBCM-OSC)**

# ဂျပန်နိုင်ငံရှိဘုရားကျောင်းအားကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်

(၂၀၁၈)ခုနှစ်အတွက် ကမ္ဘာ၏ အမွေအနှစ် အဆောက်အဦးတစ်ခုအဖြစ် ဂျပန်နိုင်ငံရှိ သက်တမ်းအရင့်ဆုံး ဘုရားကျောင်းကို UNESCO ကသတ်မှတ်ခဲ့သည်။ လွန်ခဲ့သည့် ဇူလိုင်လ(၂၅)ရက်နေ့တွင် ဂျပန်သတင်းဌာနမှ တင်ပြချက်အရ အစိုးရက နာဂဆာကီ (Nagasaki) အတွင်းရှိ Oura ကက်သလစ်ဘုရားကျောင်းနှင့် ဂျပန်နိုင်ငံ၏ အနောက်တောင်ဘက်ရှိ ဘုရားကျောင်း တို့ကိုကမ္ဘာ့အမွေအနှစ် ဘုရားကျောင်းများအဖြစ် သတ်မှတ်ခဲ့သည်။ ခရစ်ယာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းကာလတစ်လျှောက်တွင် ပြင်သစ်ရဟန်းများ ဖြစ်ကြသော Fr. Louis Furet နှင့် Fr. Bernard Petitjen တို့က (၁၈၆၃) ခုနှစ်တွင် ဘုရားကျောင်းတစ်ဆောင်ကို စတင်တည်ဆောက်ခဲ့သည်။ လွန်ခဲ့သော(၁၆)ခုနှစ်ခန့်က ဥရောပ ဗိသုကာလက်ရာအဖြစ် ပြန်လည်တည်ဆောက်ခဲ့သော ဘုရားကျောင်းကြီးဖြစ်ပြီး ယနေ့တိုင်အောင် တည်ရှိဆဲဖြစ်ပါသည်။ နာဂဆာကီအတွင်းရှိ ခရစ်ယာန်တို့၏ ဘုရားကျောင်းများနှင့် အဆောက်အအုံများသည် မြို့နှင့် နိုင်ငံပေါင်း (၈)နိုင်ငံအတွင်းရှိ ရိုးရာယဉ်ကျေးမှု (၁၂) မျိုးတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ (၁၆)ရာစုအတွင်း ဂျပန်နိုင်ငံတွင် ခရစ်ယာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းကို တရားဝင်တားမြစ်ခြင်းမပြုမီ ခရစ်ယာန်ဘာသာမည်ကဲ့သို့ ဖယ်ရှားခြင်းခံရကြောင်းပြသရန်ဖြစ်သည်။ (၁၅၉၇) ခုနှစ်အတွင်း စစ်အာဏာရှင်၏ အမိန့်အရ အသတ်ခံခဲ့ရသော သာသနာပြုများနှင့် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာသူများကို အသင်းတော်ကလည်း ဂုဏ်ပြုခဲ့သည်။ **(UCAN)**

# (၃၁)ကြိမ်မြောက် ကမ္ဘာ့လူငယ်ပွဲတော်ကျင်းပခြင်းမှတ်တမ်းများ

(၃၁) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာလူငယ်များနေ့ကို ဒေသစံတော်ချိန် ညနေ ၅း၀၀ နာရီ ပိုလန်နိုင်ငံ၊ ခရက်ကောင်းမြို့(Krakow)၊ ဘလွန်နီယာ(Blonia)ဒေသရှိ ရဟန္တာဂျွန်ပေါလ်(၂)ကွင်းပြင်ကြီးတွင်ခရက်ကောင်းသာသနာပိုင်ရဟန်းအမတ်ကာဒီနယ် Stanislaw Dziwisz ဦးဆောင်ကာ မစ္ဆားတရားတော်မြတ်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။ မိုးခြိမ့်ခြိမ့်သဲရွာနေသော်လည်း ဖွင့်ပွဲသို့နိုင်ငံပေါင်း(၁၈၀)မှ လူငယ်များ (၁.၆) သန်းကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။



ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်သည် ကမ္ဘာ့လူငယ်များနေ့ ကျင်းပရာ ပိုလန်နိုင်ငံ ခရက်ကောင်းမြို့ရှိ ရဟန္တာဂျွန်ပေါလ်(၂) နိုင်ငံတကာလေဆိပ်သို့ ဒေသစံတော်ချိန် နေ့လည် ၃:၃၀ တွင် ရောက်ရှိခဲ့သည်။ ပိုလန်နိုင်ငံ သမ္မတဒူဒါ(Andrzej Duda) နှင့်ဇနီး အဂ္ဂတာဒူးဒါ၊ ဝန်ကြီးချုပ် Beata Szydlo နှင့်အစိုးရ ထိပ်တန်းအရာရှိများ၊ ကာဒီနယ်၊ ဆရာတော်ကြီးများ၊ သာသနာ့မှတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုခဲ့ကာ ခရက်ကောင်းမြို့ရှိ အထင်ကရ နာမည်ကြီး WAWEL Castleတွင် ပိုလန်နိုင်ငံ သမ္မတ ဒူဒါနှင့်ဇနီး၊ ဝန်ကြီးချုပ်နှင့်အစိုးရထိပ်တန်းအရာရှိများ၊ သံအမတ်များ၊လွှတ်တော်အမတ်များ၊ စုစုပေါင်း ၈၀၀ ကျော်နှင့်တွေ့ဆုံခဲ့ပါသည်။

ပိုလန်နိုင်ငံသမ္မတဒူဒါ(Andrzej Duda)က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် "ရဟန်းမင်းကြီးနှင့်ကာဒီနယ်ဆရာတော်ကြီးများ၊ အစိုးရအရာရှိများ၊ သံတမန်များနှင့်ဂုဏ်သရေရှိလူကြီးမင်းများအားလုံးအား ပိုလန်နိုင်ငံနှင့်ပိုလန်နိုင်ငံသူ၊ သားများကိုယ်စား လှိုက်လှိုက်လဲလဲကြိုဆိုပါကြောင်းဦးစွာပြောကြားလိုပါသည်။ ကျွန်ုပ်တို့ ပိုလန်သူ၊ သားအများအနေနှင့် ရဟန္တာဂျွန်ပေါလ်(၂) ကြီးပြင်လာသောနေရာ၊ သမိုင်းဝင် ပိုလန်နိုင်ငံ၏မြို့တော်တွင် ကမ္ဘာ့လူငယ်များနေ့ကျင်းပနေခြင်းနှင့် အရှင်သူမြတ်အား ကြိုဆိုခွင့်ရသည့်အတွက်အလွန်ပင်ဂုဏ်ယူမိပါတယ်။ခရက်ကောင်းမြို့ဟာကျွန်တော်တို့ ပိုလန်နိုင်ငံသူ၊သားတွေရဲ့အသည်းနှလုံးဖြစ်သလိုပိုလန်ဘုရင်များဟာလည်း အသက်ဆုံးတိုင်အောင်နေထိုင်ခဲ့သောမြို့လည်းဖြစ်ပါတယ်။ (WAWEL Castle တွင် ပိုလန်ဘုရင်(၄) ပါးမြှုပ်နှံထားပါသည်)။

ကျွန်တော်တို့ဟာ ဘာသာစကားမတူ၊ အရောင်အဆင်းမတူသော်ငြားလည်း ယနေ့ကျင်းပနေသော ကမ္ဘာ့လူငယ်များနေ့မှတစ်ဆင့် ချစ်ခြင်း၊ ယုံကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းများ ပိုမိုရရှိလိမ့်မယ်လို့ယုံကြည်ပါတယ်။ ရဟန်းမင်းကြီးအရှင်သူမြတ် ကြွရောက်လာခြင်းဟာလူတွေအားလုံးရဲ့ ဝိညာဉ်ရေးရာယုံကြည်ခြင်းများ ပိုမိုတိုးများစေပါတယ်။ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်(၂) ပထမအကြိမ် ပိုလန်နိုင်ငံ၊ ဝါဆောမြို့သို့ ကြွလာတဲ့အချိန် အလွန်အရေးကြီးတဲ့ ဆုတောင်းစကားတစ်ခွန်းပြောသွားခဲ့ပါတယ်။ အဲဒါကတော့ "သန့်ရှင်းသောဝိညာဉ်တော်ကြွဆင်းလာပြီး စိမ်းလန်းသာယာသောပိုလန်မြေအား အသစ်ပြန်လည်ဖန်ဆင်းပေးတော်မူပါ" လို့ဆုတောင်းခဲ့ပါတယ်။ အဲ့ဒီနောက်မှာပဲ ပိုလန်နိုင်ငံရေးဟာ အတော်လေးပြောင်းလဲခဲ့ပါတယ်။ အထူးသဖြင့် အသင်းတော်ကိုနှိပ်စက်ပြီး သာသနာပြုရဟန်းတော်များအားသတ်ဖြတ်နေတဲ့ ကွန်မြူနစ်စနစ်ကြီးကို တွန်းလှန်တိုက်ဖျက်နိုင်ခဲ့ပါတယ်။ အခုအချိန်အခါမှာလည်း ရဟန်းမင်းကြီး အရှင်သူမြတ်အနေနှင့် သန့်ရှင်းသောဝိညာဉ်တော်နစ်မှာ ပိုလန်နိုင်ငံတစ်ခုတည်းမကတစ်ကမ္ဘာလုံးကို အေးချမ်းသာယာနေဖို့ ဆုတောင်းပေးစေလိုပါတယ်။ ယနေ့လူငယ်များနှင့် ကမ္ဘာလူငယ်များနေ့သို့ရောက်ရှိနေသောလူငယ်များအားလုံးနှင့်အတူ ကျွန်တော်တို့အားလုံး ရဟန်းမင်းကြီးအားကြိုဆိုခွင့်ရတာအရမ်းကိုပျော်ရွှင်နေပါတယ်" ဟုပြောကြားခဲ့ပါသည်။







ပိုလန်နိုင်ငံမှ ဂုဏ်သရေရှိလူကြီးများနှင့်တွေ့ဆုံပြီးနောက် ရဟန်းမင်းကြီးအရှင်သူမြတ်သည် Wawel Castel အနီးအနားတွင်ရှိသည့် နှစ်ပေါင်း ၁၀၀၀ ခန့်ရှိသော ရှေးဟောင်းသမိုင်းဝင် Wawel ကာသီဒြယ်ဘုရားကျောင်းကြီးသို့သွားရောက်ကာ ဘုရားကျောင်းတော်ကြီးတွင်ထားရှိထားသော ရဟန္တာဂျွန်ပေါလ်(၂)၏ ဓါတ်တော်မွေတော်ကိုလည်းသွားရောက်ကြည်ညိုခဲ့ပါသည်။ ထို့နောက် ကာသီဒြယ်ဘုရားကျောင်းကြီးတွင် ပိုလန်နိုင်ငံရှိ ကာဒီနယ်ဆရာတော်ကြီးများနှင့် သီးသန့်တွေ့ဆုံခဲ့ပါသည်။ (ရဟန်းမင်းကြီးဖရန်စစ်သည်သူ၏ခရီးစဉ်များတွင် သက်ဆိုင်ရာနိုင်ငံများမှ ကာဒီနယ်ဆရာတော်ကြီးများအား ရင်းနှီးဖော်ရွေစွာ လွတ်လွတ်လပ်လပ် တွေ့ဆုံဆွေးနွေးလိုသောကြောင့် သီးသန့်တွေ့ဆုံခြင်းဖြစ်ပါသည်။)

ထို့နောက်ဒေသစံတော်ချိန် ည ၇း၃၀တွင် ပိုလန်နိုင်ငံဆရာတော်များအဖွဲ့ချုပ်တွင်ဆရာတော်ကြီးများနှင့်အတူညစာသုံးဆောင်ခဲ့သည်။ ည ၉:၁၅ မှ ၉:၂၃ မိနစ်တွင် ရဟန်းမင်းကြီးအရှင်သူမြတ်သည် ရဟန္တာဂျွန်ပေါလ်(၂)ကပြည်သူလူထုကိုနှုတ်ခွန်းဆက်လေ့ရှိသော ဆရာတော်ကြီးများတိုက် ပြူတင်းပေါက်မှ ကမ္ဘာ့လူငယ်များနေ့သို့တက်ရောက်လာသော လူငယ်များအား နှုတ်ဆက်ခဲ့ပါသည်။

ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်သည် မိန့်ခွန်းပြောကြားမည့် ဘလွန်နီယာကွင်းပြင်ကြီးသို့ ဆရာတော်ကျောင်းတိုက်မှ Tram လို့ခေါ်သည့်မြို့ပတ်ရထားစီးကာ သူ့အားကြိုဆိုနေသူလူငယ်များအား လိုက်လံနှုတ်ဆက်ခဲ့ပါသည်။ ဘလွန်နီယာ ကွင်းပြင်ကြီးတွင် လူငယ်များအား မိနစ် ၃၀ မိန့်ခွန်းပြောကြားခဲ့ပါသည်။ ပုပ်ရဟန်း မင်း ကြီး အရှင်သူမြတ်ဖရန်စစ်က "သင်တို့တစ်တွေသင်တို့ရဲ့ အဘိုး၊ အဘွားများနှင့် စကားလက်ဆုံ ကျလျှက်ရှိပါသလား လို့မေးသည့်အခါ လူငယ်အများစုက "မရှိပါဘူး" ဟု ပြန်ဖြေ ကြသည်။ ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်ဖရန်စစ်က လူငယ်များအား "သင်တို့ ၏ အဘိုး၊အဘွားများနှင့် စကားသွားပြောကြပါ၊ သူတို့တစ်တွေဟာ ဉာဏ်ပညာ ပြည့်စုံပြီး တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝအတွေ့အကြုံရှိတဲ့သူတွေပါ၊ သခင်ယေရှုကို ကြိုဆိုကြ သူများ (ယုံကြည်သူများ)ဖြစ်၍ သခင်ယေရှုကိုချစ်ကြပါ"ဟု လူငယ်များအား မျက်ရည် ဝဲလျှက် မိန့်ကြားခဲ့ပါသည်။

ညနေ ၇း၃၀ တွင် ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်သည် လမ်းတစ်လျှောက် ကြိုဆိုနေသူများအား နှုတ်ဆက်နိုင်ရန်အတွက် လာရာလမ်းအတိုင်း Pope Mobile ဖြင့် ဆရာတော်ကျောင်းတိုက်သို့ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။





"အိုသခင်၊ ကိုယ်တော်၏လူမျိုးတော်ကို သနားတော်မူပါ၊ ဤအကြင်နာမဲ့ရက်စက်ခြင်းကို အခွင့်လွှတ်တော်မူပါ" ဟု ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က ဒုတိယ ကမ္ဘာစစ်အတွင်း နာဇီတို့၏ရက်စက်စွာသတ်ဖြတ်ခြင်းခံခဲ့ရသော ဂျူးလူမျိုးတစ်သန်းကျော်ချုပ်နှောင်ထားသည့် နာဇီအကျဉ်းထောင်သို့ လည်ပတ်စဉ် ရေးသားခဲ့ပါသည်။ အသက်ရှင်ကျန်သေးသော အကျဉ်းသားဟောင်းများကို တွေ့ဆုံကောင်းကြီးပေးခဲ့သည်။ သူတစ်ပါးအတွက် မိမိ၏အသက်ကို စတေးခဲ့သော St.Maximilian Kolbe ကိုချုပ်နှောင်ထားသော အခန်းတွင်းသို့ ဝင်ရောက်ကာ ငြိမ်သက်စွာ ဆုတောင်းတော်မူခဲ့သည်။






ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်သည် (၃၁) ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့သောကြာနေ့တွင် လူငယ်များနှင့်အတူ ဒုက္ခစရိယာ ကားလှည့်ခြင်းတွင်ပါဝင်ခဲ့သည်။




ဂရုဏာရှင်ယေဇူးဘုရားကျောင်းတော်သို့ကြွလာစဉ် "ယစ်ပူဇော်ခြင်းထက် သနားကြင်နာခြင်းကို ပို၍နှစ်သက်သည်"ဟု ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ (အပြည့်အစုံကို စာမျက်နှာ(၅)တွင်ဖတ်ရန်)



ကျန်းမာရေးမကောင်းသော လူနာများထံသို့အလည် အပတ်ကြွသွားကာ ကောင်းကြီးပေးရင်း သူတို့တစ်တွေ အတွက်ဆုတောင်းပေးနေမယ်' ဟု မြွက်ကြားခဲ့သည်။



ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်သည် ကမ္ဘာ့လူငယ်များနေ့ ကျင်းပရာ ပိုလန်နိုင်ငံရောက်ရှိနေစဉ် လူငယ်များ၏ မေးခွန်းများကို အချိန်ပေးနားထောင်ကာအပြန်အလှန်ဖြေကြားခဲ့သည်။ (အပြည့်အစုံကို စာမျက်နှာ(၄)တွင်ဖတ်ရန်)



## ဆပ်ကပ်လူငယ်များနှင့် နေ့လည်စာသုံးဆောင်ခြင်း

ပိုလန်နိုင်ငံ Krakow မြို့(Polish City)ဟုအမည်ရသောမြို့သို့ ကမ္ဘာ့လူငယ်များနေ့အတွက် လာရောက်ဆပ်ကပ်သော လူငယ်ထဲမှ (၁၂)ယောက်ကို ပုပ်ရဟန်းမင်းကြီးက သင်တို့ရဲ့မျှော်မှန်းချက်များ ဘယ်သောအခါမှ မပျောက်ဆုံးစေနှင့်ဟု သူတို့နှင့်အတူ နေ့လည်စာ သုံးဆောင်ချိန်တွင်း ပြောကြားသွားကြောင်းသိရှိရသည်။ လူငယ်များနှင့် ထမင်းသုံးဆောင်ခွင့်ရသောကြောင့် ရင်ထဲ၌ပျော်ရွှင်သဖြင့် အခုလိုပြောမိခြင်းဖြစ်ကြောင်းသိရသည်။ သူတို့သည် နယူးဇီလန်၊ ဇင်ဘာဘွေ၊ အီတလီ၊ ကိုလန်ဘီယာနှင့် အိမ်ရှင် ပိုလန်နိုင်ငံမှလာသော လူငယ်များဖြစ်ကြသည်။ ပုပ်ရဟန်းမင်းကြီးနှင့်အတူ နေ့လည်စာသုံးဆောင်ကြရန် ဖိတ်ကြားခြင်းခံရပြီး တစ်ယောက်ကိုမေးခွန်း တစ်ခုစီ ပုပ်ရဟန်းမင်းကြီးအား မေးပိုင်ခွင့်ရှိကာ သူတို့မေးသမျှမေးခွန်းတွေကို စကားပြန်မှတဆင့် ပြန်လည် ဖြေကြားပေးခဲ့ကြောင်းသိရှိရသည်။ ဇင်ဘာဘွေမှ လာသော Raviro Tnotnda Karidza ဆိုသူက ပုပ်ရဟန်းမင်းကြီးအား စိတ်လှုပ်ရှားစွာဖြင့် တွေ့ဆုံခဲ့ကြောင်းနှင့် ပုပ်ရဟန်းမင်းကြီးမှ လူငယ်များအတွက်ပြောခဲ့သော စကားများကိုလည်း Lydia O'Kane အား ပြန်လည် ပြောပြခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သိရပါသည်။ **(CBCM-OSC)**




# ကမ္ဘာ့လူငယ်များနေ့တွင် လက်ထပ်ခွင့်တောင်းခဲ့သည့်စုံတွဲ



ရဟန်းမင်းကြီးဖရန်စစ်က ပိုလန်နိုင်ငံတွင်ကျင်းပသော ကမ္ဘာ့လူငယ်များနေ့ အခမ်းအနားတွင် လူငယ်ချစ်သူ စုံတွဲများအား တရားဝင် လက်ထပ်ထိမ်းမြားကြရန်အကြံပြုခဲ့သည်။ ထိုအကြံပြုချက်အား ကမ္ဘာ့လူငယ်များနေ့ကျင်းပနေစဉ်ကာလအတွင်း လက်ထပ်ခွင့်ပန်ခြင်းဖြင့် ချက်ချင်းအကောင်အထည်ဖော်ခဲ့သည့် ကံကောင်းသော စုံတွဲတစ်တွဲ ရှိပါသည်။

အသက် ၂၃ နှစ်အရွယ် Szymon Wadoń စီမုန် ဝါဒွန်သည် ပိုလန်နိုင်ငံ Bielsko-Biala မြို့ ဇာတိဖွား ဖြစ်ပြီး ဘရာဇီးနိုင်ငံ ရီယိုဒီဂနေးရိုးမြို့ခံ အသက် ၂၃ နှစ်အရွယ် Jessica Pinheiro Bezerra ဂျက်ဆီးကာ ပင်ဟဲရိုး ဘဇီးရာအား စိန်ပေါလ်ပြောင်းလဲခြင်း ဘုရားကျောင်းကြီး၏ လှေကားထစ်ပေါ်တွင် ဇွန်လ ၂၉ ရက်နေ့ မစ္ဆားတရားအပြီး လက်ထပ်ခွင့်တောင်းခဲ့သည်။

စီမုန်က ဂျက်ဆီးကာလက်အား ညင်သာစွာ ဆုပ်ကိုင်ပြီး လူရာချီရှိသော လူအုပ်ကြီးရှေ့ကို ခေါ်ထုတ်ယူလာသည်။ ဒီနောက် စီမုန်သည် သူမ အရှေ့တွင်ဒူးထောက်ချလိုက်ကာ အလွန်လှပသည့် လက်ထပ်လက်စွပ်တစ်ကွင်းကို ထုတ်ယူပြီး သူမကို လက်ထပ်ခွင့် လူအများရှေ့၌ တောင်းခံခဲ့သည်။ ထိုမြင်ကွင်းကို မြင်ရသည့် ရာပေါင်းများစွာသော လူငယ်များ ပွဲနေ့လာသည့် ဘုရားဖူးခရီးသွားများက ရုတ်တရက် အံ့အားသင့်စေခဲ့သည်။

စီမုန်နှင့်ဂျဆီးကာတို့သည် ၂၀၁၃ ခုနှစ် ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့လူငယ်များနေ့၌စတင်တွေ့ဆုံခဲ့ကြသည်။ ထိုအချိန်တွင်ဂျက်ဆီးကာသည် စီမုန်ပါဝင်သည့်ပိုလန်နိုင်ငံသားကိုယ်စားလှယ်အဖွဲ့များကို အိမ်ရှင်အနေနှင့်ကူညီဆောင်ရွက်ရန်တာဝန်ကျခဲ့သည်။ "ကျွန်တော့်အမြင်တော့ သူမကအလွန်လှပတဲ့ အမျိုးသမီးပဲဗျ။ ပြီးတော့ကျွန်တော် သူမအကြောင်း ပိုသိချင်လာမိတယ်။" ဟု National Catholic Register သတင်းအဖွဲ့ကို ပြောပြခဲ့သည်။ ဂျက်ဆီးကာ ကလည်း "ကျွန်မ အနေနှင့်လည်း သူ့ကိုနှစ်သက်မိတယ်ရှင့်။ သူနှင့်ကျွန်မက အစပိုင်းမှာ သူငယ်ချင်းအနေနှင့် စခင်ခဲ့ကြတာ။ ကျွန်မတို့ အချင်းချင်းဟာလည်း ကက်သလစ် ခရစ်ယာန်များဖြစ်ကြတော့ သူနဲ့ပေါင်းသင်း ပြောဆိုရတာအင်မတန်မှပျော်ဖို့ကောင်းပါတယ်။" ဟု NCR ကို ပြောပြခဲ့ပါသည်။

သူတို့ သမီးရည်းစားအချင်းချင်း သည်မိခင်ဘာသာစကားများကို အသီးသီး အသုံးပြု ပြောဆို၍မရသည့်အတွက် ဆက်သွယ်ပြောဆိုရန်စပိန်ဘာသာစကားကို အသုံးပြုကြသည်။ သူတို့နှစ်ဦးသည် အီးမေးလ် Skype ဗွီဒီယို ဆက်သွယ်မှုများနှင့် တစ်နှစ်ခွဲအကြာ ဆက်သွယ်နေခဲ့ကြပြီး အင်တာနက်ကနေတဆင့် သခင်ဂရုဏာရှင်ယေဇူး နိဗ္ဗိနာမေတ္တာ ကိုလည်း အင်တာနက်မှတဆင့် အတူရွတ်ဆို ဆုတောင်းကြသည်။

Guadalupe အမိမယ်တော်တန်ခိုး လက္ခဏာပြသည့် ကျောင်းဝင်းဆီကို ဂျက်ဆီးကာမွေးနေ့မှာ ကျွန်တော်တို့သွားရောက် လည်ပတ်ဖြစ်ခဲ့တယ်။ အဲဒီနေ့မှာပဲ ကျွန်တော်တို့ဟာချစ်သူဘဝနှင့်ဆက်သွားဖို့ စိတ်ပိုင်းဖြတ်ခဲ့ကြတယ်။" ဟု စီမုန်က ရှင်းပြပါသည်။ "ကျွန်မတို့ ၂ ဦးက အလွန်ဝေးကွာတဲ့ မြို့ နိုင်ငံတွေမှာ နေထိုင်ကြလို့ သမီးရည်းစားဘဝက အခက်အခဲ စိန်ခေါ်မှုရှိခဲ့ပါတယ်။ ကျွန်မတို့က ဆုတောင်းခြင်းအားဖြင့် စိတ်ဓာတ် ဝိညာဉ်ခွန်အားရယူနေခဲ့တာပါ။ Pietrelcina ဒေသက စိန့်ပီးအိုကလည်း 'အတူ ဒုက္ခခံထမ်းရင်း ချစ်ခြင်းမေတ္တာဟာ အားကောင်းလာတယ်၊' ဟု ဂျက်ဆီးကာက ပြောခဲ့သည်။

"သူတို့ စုံတွဲသည် ပိုလန်နိုင်ငံ ခရက်ကောင်းမြို့တွင် ကျင်းပသည့် ကမ္ဘာ့လူငယ်များနေ့တွင်အတူ ပါဝင်ကြရန်ဆုံဖြတ်ခဲ့ပြီး Juventutem International Federation အဖွဲ့နှင့် အတူတကွ မစ္ဆားတက်ခြင်းဘုရားစကားသင်တန်းတက်ခြင်းများကို ပြုလုပ်ခဲ့ကြပါတယ်။ Juventutem International Federation သည် မစ္ဆားတရားကို ရှေးလက်တင် မစ္ဆားတရားများကဲ့သို့ ခမ်းနားထည်ဝါစွာကျင်းပဝတ်ပြုလေ့ရှိပြီး ဝိညာဉ်ရေးရာနှင့် လူမှုရေးပွဲ အခင်းအကျင်းများကိုလည်းထုံးတမ်းအစဉ်အလာ ကျကျ ကောင်းမွန်စွာ ဖန်တီးစီစဉ်သည့် အဖွဲ့ဖြစ်ပါသည်။ "ကျွန်တော်က တကယ်တော့ အရှက်အကြောက် ကြီးသူပါ။ အခုလို ရာချီတဲ့ လူအုပ်ကြီးအရှေ့မှာလက်ထပ်ခွင့်တောင်းဖို့ လုပ်တာရင်ထဲမှာတော့ ဗလောင်ဆူနေတာပဲ။"ဟုစီမုန်ကပြန်ပြောပြခဲ့သည်။

ကာဇက်စတန်နိုင်ငံ Astana သာသနာ လက်ထောက်ဆရာတော် Athanasius Schneider က သူတို့ချစ်သူနှစ်ဦးကို ကောင်းကြီးပေးပြီး အားပေးစကားပြောကြားခဲ့သည်။ "ဘိရှော့ကကျွန်မတို့ကို ကောင်းကြီးပေး ဆုတောင်းပေးပြီး ကျွန်မတို့ အိမ်မိသားစုလေးကို ဘုရားကျောင်းငယ်လေး Mini Church အဖြစ် ဖန်တီးဖို့နှင့် မျိုးဆက်သစ် ကလေးတွေ အများကြီးရယူဖို့ပြောပါတယ်။ "ပြီးတော့ ဘိရှော့က ကျွန်တော်တို့ ၂ ဦးကို ဘာမှ မကြောက်နဲ့ ဆိုပြီး ပြောပါသေးတယ်"လို့ စီမုန်က ထပ်ဖြည့်ပြောပါတယ်။

ပုပ်ဖရန်စစ်က "အိမ်ထောင်ပြုမယ့် ချစ်သူစုံတွဲများကိုတွေ့ရင် 'သင်တို့တွေက တကယ်တော့ အလွန်သတ္တိရှိ သူတွေဖြစ်တယ်'လို့ ပြောဖြစ်တယ်ဗျ။ ဘာလို့လဲဆိုတော့ မိသားစုတစ်ခု တည်ဆောက်ဖို့ ချစ်ခြင်းမေတ္တာ ဘဝသက်တာကိုမြုပ်နှံဖို့ဆိုတာ လွယ်ကူတာမဟုတ်ဘူး။ အိမ်ထောင်ပြုမယ့် ချစ်သူတွေအတွက်သူတို့ရဲ့ သတ္တိရှိမှုကို ဂုဏ်ယူပေးတယ်။" ဟု လူအုပ်ကြီးကို ပြောကြားခဲ့သည်။

"တစ်ခါတစ်လေလူတွေကမေးကြတယ်။ မိသားစုဘဝမှာ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ဘာလုပ်သင့်သလဲတဲ့ မေးကြတယ်။ မေးတဲ့လူတွေကို စကားသုံးခွန်းပြောဖို့၊ ခံယူချက် သုံးခုထားဖို့ ပြန်ဖြေပါတယ်။ အိမ်ထောင်သည်မိသားစုဘဝဟာ စိန်ခေါ်မှု အခက်အခဲနှင့် ပြည့်နေတာမို့ ဒီစကားသုံးခွန်းက အထောက်အကူဖြစ်သည်။ အိမ်ထောင်ပြုခြင်းဆိုတာအလွန်တရာမှ လှပပါတယ်။ အံ့ဩမှု အပြည့်နှင့်ဘဝသက်တာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်အိမ်ထောင် မိသားစုကို ဂရုစိုက်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ထောင်မိသားစုဟာအစဉ်တည်တံ့တာမို့ပါ။ဒီတော့ စကားသုံးခွန်းကို အကြံပြုပြောပါရစေ။ May I? ခွင့်တောင်းခြင်း၊ Thank You ကျေးဇူးသိတတ်ခြင်း နှင့် "I am Sorry "ငါ" မှားသွားပါတယ်ဆိုပြီး အပြစ်ကို ဝန်ချတောင်းပန်တတ်ခြင်းတို့ ဖြစ်ပါတယ်"။

"သင်တို့ကို ကောင်းကြီးမပေးခင် ပုပ်ဖရန်စစ်အနေနှင့် ဒီမှာရောက်ရှိနေကြတဲ့ မိသားစုတွေ၊ လောလောလတ်လတ် အိမ်ထောင်ကျသူတွေ၊ အချိန်ကာလအချို့ အိမ်ထောင်သက်ရှိသူတွေ၊ ပြီးတော့ဘာဆက်ပြောမလဲ အားလုံးသိပါတယ်၊ (ရီလျက်) အိမ်ထောင်ပြုမယ့်ချစ်သူစုံ တွဲတွေ အစရှိသူတို့အတွက် ဆုတောင်း ပေးဖို့ ဖိတ်ခေါ်တောင်းဆိုလိုပါတယ်။"

(လောရန်စ်)

**CBCM-COMMISSION**

## HIV/AIDS နှင့်လူသားနှင့်လိင်ပိုင်းဆိုင်ရာ အလုပ်ရုံအစည်းအဝေး



မြန်မာကက်သလစ် HIV/AIDS ကွန်ယက်(M-CHAN)မှ EDM၏ပညာသင်စရိတ်ထောက်ပံ့ပေးသော ကျောင်းသား များအား ဇူလိုင်(၁၇)(၂၄)နှင့်(၃၁) ရက်နေ့တို့၌ စိန်ဂျိုးဇက်စစ္စတာရ်ကျောင်းတွင် သင်တန်းပို့ချခဲ့သည်။

ဇူလိုင်လ(၁၇)ရက်နေ့ HIV/AIDS ပညာပေးအစီအစဉ်တွင် သင်တန်းသား တို့၏မျှော်လင့်ချက်၊ HIV/AIDSနှင့်ပတ်သက်သော စမ်းသပ်မေးခွန်းမေးမြန်းခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊HIV/AIDSကူးစက်သောနည်းလမ်းများ၊ ကာကွယ်နည်း နှင့် HIVပိုး နှင့်အသက်ရှင်နေသူများအပေါ် ခွဲခြားဆက်ဆံခြင်းမပြုသင့်ကြောင်းကိုတင်ပြဆွေးနွေးခဲ့သည်။

ဇူလိုင်လ(၂၄)ရက်နေ့၌လူသားနှင့်လိင်ပိုင်းဆိုင်ရာအကြောင်းကိုလည်းကောင်း၊ ဇူလိုင်လ(၃၁)ရက်နေ့တွင် အချစ်နှင့်ပတ်သက်သောအချစ်၏အစိတ်အပိုင်းများ၊ အချစ်၏ ဖွံ့ဖြိုးမှုအဆင့်ဆင့်များစသည်တို့ကိုတင်ပြဆွေးနွေးခဲ့ပြီး သင်တန်းသားများမှ သိလိုသည်များမေးမြန်းကြရာ ပို့ချသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **Elizabeth ဟောမာလွင်(MCHAN)**





# မိဘများအားဂုဏ်ပြုခြင်းအထိမ်းအမှတ် အကပဒေသာပြိုင်ပွဲ

**မြစ်ကြီးနားသာသနာ**




တန်ဖရဲ ဘုန်းတော်ကြီးတစ်ပိုင် မိခင်၊ ဖခင်များမှ ကျေးဇူးရှင်မိဘများအား ဂုဏ်ပြုအထိမ်းအမှတ် အကပဒေသာပြိုင်ပွဲယှဉ်ပြိုင်ရာ အူပျစ်ကျေးရွာ မိခင်၊ ဖခင်များက ပထမဆုကိုဆွတ်ခူးခဲ့ကြသည်။

၎င်းအစီအစဉ်ကို တန်ဖရဲဘုန်းတော်ကြီးတစ်ပိုင် အောင်မြင်သာစံပြကျေးရွာတွင် ဇူလိုင်လ (၃၁) ရက်နေ့ ည (၇) နာရီ မှ ၁၁း၃၀ ထိကျင်းပခဲ့ကြသည်။

"အစတုန်းကတော့ အခုလိုခမ်းခမ်းနားနား ကျင်းပနိုင်လိမ့်မယ်လို့ ထင်မထားဘူး၊ ဘာကြောင့်လဲဆိုတော့ မိုးတွင်းချိန်မှာ ရပ်ဝေးမှ ကျေးရွာအချို့အတွက် လမ်းခရီးအခက်အခဲရှိတယ်။ ဒါပေမဲ့ကျေးရွာအားလုံး တက်တက်ကြွကြွ ပါဝင်တာတွေ့တော့ ကျွန်ုပ်အနေနဲ့ အရမ်းအားရတယ်။ သနားကြင်နာခြင်းနှစ် မကုန်မီ သနားကြင်နာခြင်းနှစ်ကို ဂုဏ်ပြုသောအားဖြင့် ယခုလို မိခင်၊ ဖခင်နှင့် လူငယ်များမှ အဆို၊ အကပြိုင်ပွဲကျင်းပသွားဖို့ အစီ အစဉ်ရှိခဲ့တယ်"ဟု တာဝန်ခံဘုန်းတော်ကြီး ဖာသာရ စတီဖင်ဆွတ်မာဆွတ်အောင်က အမှာစကားပြောကြားသည်။

အဆိုပါယှဉ်ပြိုင်ပွဲတွင် ဘုန်းတော်ကြီးတစ်ပိုင်အတွင်းရှိ မိခင်၊ဖခင်များသည် (၁၂) ယောက် အထက်ပါဝင်သော အဖွဲ့လိုက် သီချင်းတစ်ပုဒ်၊ စုံတွဲသီချင်းတစ်ပုဒ်နှင့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမှတ်ပေးဒိုင်များမှ ကန့်သတ်ချက်များအတိုင်း ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

၎င်းယှဉ်ပြိုင်ပွဲတွင် အမှတ်ပေးဒိုင်လူကြီးများအဖြစ် ဆရာကြီးဂျွန်တူးရှန်၊ ဘုန်းတော်ကြီး စောဖိုးခွား၊ အဆိုတော် ဆိုင်းတူးတို့က ပြုလုပ်ပေးခဲ့သည်။ ပထမဆုငွေကျပ်နှစ်သိန်းနှင့် ဆုတံဆိပ်ကို အူပျစ်ကျေးရွာအဖွဲ့မှလည်းကောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းခွဲနှင့် ဆုတံဆိပ်ကို တန်ဘောင်ယန်အဖွဲ့မှ လည်းကောင်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် ဆုတံဆိပ်ကိုအောင်မြင်သာအဖွဲ့(၃)မှလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ ထို့အပြင် နှစ်သိမ့်ဆု (၉)ဆုလည်းချီးမြှင့်ခဲ့သည်။

**ဂျွန်ဆိုင်းလတ်အောင်**

# သစ္စာသုံးပါးခံသူတော်စင်လောင်းများတွေ့ဆုံ

**တောင်ကြီးသာသနာ**



တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ငြိမ်းချမ်းခြင်းသခင်မ ကရုဏာရေးသီလရှင်ကျောင်းတွင်သစ္စာသုံးပါးခံ သူတော်စင်လောင်းများ တွေ့ဆုံခြင်း အစီအစဉ်တစ်ရပ်ကို ဇူလိုင်လ(၂၆-၃၀) အထိ ကျင်းပပြုလုပ်ခဲ့ရာမြန်မာနိုင်ငံရှိ သူတော်စင်ဂိုဏ်းအချို့ဖြစ်သော ကရုဏာရေးသီလရှင်ဂိုဏ်းမှ သီလရှင်လောင်း(၈)ဦး၊ စေတမန် သီလရှင်ဂိုဏ်းမှ သီလရှင်လောင်း(၂)ဦး၊ မယ်တော်သခင်မ၏ယုံကြည်ခြင်းသာသနာပြု သီလရှင်အသင်းဂိုဏ်း(FMM)မှ သီလရှင်လောင်း (၂)ဦး၊ ယေရှု၏မိတ်ဆွေ (SJ) အသင်းဂိုဏ်းမှ ရဟန်းလောင်း(၈)ဦး၊ စုစုပေါင်းရဟန်းလောင်း သီလရှင်လောင်း (၂၀)ဦးနှင့်မိမိတို့ သည်မိမိတို့၏ တာဝန်ခံဘုန်းတော်ကြီးနှင့်သီလရှင်တို့၏ ဦးဆောင်ကူညီမှုတို့ဖြင့် တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ တွေ့ဆုံခြင်း ဝေမျှခြင်းသည် ၂၀၁၀ ခုနှစ်မှ စတင်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ပုံမှန်ပြုလုပ်သည့် ရဟန်းလောင်း ၊ သီလရှင်များတို့၏ သစ္စာသုံးပါး အကြောင်းအသိပညာ ဗဟုသုတတို့ကို ဝေမျှဖလှယ်ကြသည့်ရက်တိုသင်တန်းတစ်ခုလည်းဖြစ်သည်။ သင်တန်း၏ ရည်ရွယ်ချက်မှာ - ဖြူစင်ခြင်း၊ နာခံခြင်း၊ ဆင်းရဲခြင်းတည်းဟူသော သစ္စာသုံးပါးတို့အကြောင်း အတူတကွလေ့လာရန်နှင့် အသိပညာဖလှယ်ကြရန်ဖြစ်သည်။ သင်တန်းစတင်သည့် မနက်ပိုင်းအချိန်များတွင် စေတမန်သီလရှင်ဂိုဏ်း(ZSLF)မှ နာခံခြင်း(Vow of obedience)၊ ကရုဏာရေး သီလရှင်ဂိုဏ်း (SCCG)မှဖြူစင်ခြင်း(Vow of chastity)၊ မယ်တော်ယုံကြည်ခြင်း သာသနာပြုသီလရှင်ဂိုဏ်း (FMM)မှ လိင်ပိုင်းဆိုင်ရာ အသိပညာ(Sexuality)နှင့် ယေရှု၏မိတ်ဆွေအသင်းဂိုဏ်း (SJ)မှ ဆင်းရဲခြင်း (Vow of poverty)အကြောင်း မိမိတို့အသီးသီး လေ့လာထားကြသော သစ္စာသုံးပါးဆိုင်ရာ အကြောင်းအရာများကို တင်ပြခဲ့ကြရာ ၎င်းတင်ပြဝေမျှကြခြင်းအပြီးတွင်အဖွဲ့လိုက် ပြန်လည်သုံးသပ်ခြင်းများပြန်လည်ပြုလုပ်ခဲ့ကြသည်။ ညနေပိုင်းတွင်Fr.Irsan နှင့်Fr.To To တို့မှရဟန်းမင်းကြီးစာချွန်တော်ဖြစ်သော(Lodato Si) ကမ္ဘာမြေစိမ်းလန်းစိုပြေခြင်း စာချွန်တော် အကြောင်းကို အခြေခံကာသိမှတ်ဖွယ်ရာများကို ပို့ချပေးသွားခဲ့ကြသည်။ နံနက်ခင်းတွင်တင်ပြသွားခဲ့ကြသော အကြောင်းအရာများနှင့် ဆက်စပ်ပတ်သက်သော ပြဇာတ်တိုလေးများကိုလည်း ညနေခင်းတွင်ပြုလုပ်ခဲ့ကြသည်။ ထိုသင်တန်း၏ အကျိုးသက်ရောက်မှုအဖြစ်သင်တန်းသားများဖြစ်သော ရဟန်းလောင်း၊ သီလရှင်လောင်းတို့ အချင်းချင်းအသိပညာ ဖလှယ်ကြခြင်း၊ ထိုသို့အတူတကွ လုပ်ဆောင်ကြခြင်းဖြင့် မိမိတို့၏ သူတော်စင်အသက်တာနှင့်ယုံကြည်ခြင်းဆိုင်ရာအသိပညာတို့ တိုးပွားကာအချင်းချင်း ပေါင်းသင်းဆက်ဆံရေး ပိုမိုကောင်းမွန်စေနိုင်ရန် အထောက်အကူပြုနိုင်ကြောင်း၊ ထိုသို့အတူတကွသင်ယူလေ့လာကြခြင်းဖြင့် သူတို့၏ အနာဂတ်တွင် တိုးတက်ရင့်ကျက်သော သူတော်စင်များ ဖြစ်လာရန် များစွာအထောက်အကူပြုနိုင်ကြောင်း သတင်းရရှိပါသည်။ **(CBCM_OSC)**

# ပညာရေးကော်မရှင်မှ ကြီးမှူးဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကားသင်တန်း

**ရန်ကုန်ဂိုဏ်းချုပ်သာသနာ**



ရန်ကုန်ဂိုဏ်းချုပ်သာသနာ ပညာရေးကော်မရှင်မှ ကြီးမှူးဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကား သင်တန်းကို ဩဂုတ်လ (၈)ရက်၊ တနင်္လာနေ့မနက် (၉)နာရီတွင် စတင်ဖွင့် လှစ်ခဲ့ပါသည်။ ဤသင်တန်းကို အမှတ်(၁၈)၊ ချစ်ရိမ်မွန်လမ်း၊ ခဝဲခြံ ၊ မရမ်းကုန်းမြို့နယ် ရန်ကုန်တွင် တည်ရှိသော ပညာရှိမင်းသုံးပါး ဘုရားကျောင်းတွင် ဖွင့်လှစ်ထားပါသည်။ ဤသင်တန်းဖွင့်ပွဲတွင် ဖာသာရ်မာစီယန် သက်ကျော်နှင့် ဖာသာရ် ဗစ်တာဉာဏ်မြင့်၊ ဆရာ၊ဆရာမများ၊ မိဘများနှင့် ကျောင်းသူကျောင်းသား (၆၀)ခန့် ပါဝင်တတ်ရောက်ခဲ့ပါသည်။ ဤအစီအစဉ်၏အစတွင် ဖာသာရ်ဂျိမ်းမှ ဆုတောင်းမေတ္တာဖြင့် စတင်ခဲ့ပြီး ဆရာ/ ဆရာမများတစ်ဦးစီမှ မိမိကိုယ်ကို မိမိ ဆက်ကပ်ခြင်းနှင့် အမှာစကားများ ပြောကြားသွားခဲ့ပါသည်။

( Sr.L. Marie S.P.S)





# မြေယာဥပဒေအမြင်ဖွင့်ခြင်းနှင့် ကျေးရွာပြည်သူများ၏ ဆန္ဒသဘောထားခံယူပွဲ

**မော်လမြိုင်သာသနာ**

မြိတ်ခရိုင် ကရင်စာပေယဉ်ကျေးမှု နာယက ဖာသာရ်ဘရူးနိုးဖိလစ်၏ လမ်းညွှန်မှုနှင့် ၎င်းအသင်း၏ဥက္ကဌ ဆရာစောအောင်ထွဋ်တို့၏ နှီးဆော်စည်းရုံးမှုကြောင့် မြိတ်မြို့ကလွင်-ရေပုန်းရပ်၊ ကက်သလစ်သာသနာ ပရဟိတ ကျောင်းဝင်းအတွင်းရှိ ဘိရှော့ပ် အမ်ဘရိုစ်ဘီဂန်းဒက် ခန်းမဆောင်၌ ဇူလိုင်လ(၂၃)ရက် စနေနေ့ နံနက်(၉)နာရီတွင် နိုင်ငံတော်ဥပဒေနှင့် လယ်ယာမြေပိုင်ဆိုင်မှု အခွင့်အရေးများ အကြောင်းကို ဌာနေတိုင်းရင်းသားများ သိရှိနားလည်ရန်အတွက်အမြင်ဖွင့်ပို့ချပေးပြီး ပါဝင်တက်ရောက်သူ ကျေးရွာကိုယ်စားလှယ်များမှ မိမိတို့၏ သဘောထားအမှန်ကိုဆွေးနွေးဖော်ထုတ်တင်ပြခဲ့သည် အမြင်ဖွင့်ဆန္ဒသဘောထားခံယူပွဲသို့ မြိတ်မြို့နယ်ရှိ ငါးရံ့အင်း၊ တုံးပျောငယ်၊ တန်မဲစသည့်ကျေးရွာများမှ ဌာနေတိုင်းရင်းသားပေါင်းစုံ(၇၁)ကျော်ခန့် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ကရုဏာလူမှု စည်းလုံးရေးအသင်း (မော်လမြိုင်သာသနာ) မှ ဝန်ထမ်းတစ်ချို့လည်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ပို့ချဆွေးနွေးခြင်းမပြုလုပ်မီ၊ နာယက ဘုန်းတော်ကြီး ဖာသာရ်ဘရူးနိုးဖိလစ်က ကက်သလစ်အသင်းတော်၏ လူမှုရေးသွန်သင်ချက်များထဲမှ စည်းလုံးညီညွတ်မှုနှင့် လူ့အခြေခံအခွင့်အရေးများ အကြောင်းကို အနစ်ချုပ် ရှင်းပြခဲ့သလို၊ အနာဂတ်မျိုးဆက်သစ်များ အတွက်လည်းယခုကတည်းက ပြင်ဆင်ထားကြရန်အထူးသဖြင့် အသိပညာ မဆင်းရဲကြဖို့နှင့် ဘဝတူကျေးရွာသား အချင်းချင်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ကရင်အမျိုးသားများအရေးတွင် တက်ကြွစွာပါဝင်လှုပ်ရှားသူ ဆရာတော်ဦးဝိမလ (ပဓာန နာယက ဆရာတော်-ပြင်းငယ်ပရိယတ္တိစာသင်တိုက်၊ မြိတ်မြို့)မှလည်း ဆွေးနွေးပွဲဖြစ်မြောက်ရန်ဦးဆောင်ပေးသူများနှင့် လမ်းညွှန်သူများ၏ ကျေးရွာပြည်သူများအပေါ် ထားရှိသော စေတနာကျေးဇူးတရားကို အသိအမှတ်ပြုကြရင်း မိမိတို့ခံယူရရှိသော အသိတရားများဖြင့် လက်တွေ့ကျင့်ကြံကြဖို့ ဩဝါဒ ဂါထာ မိန့်ကြားခဲ့ပါသည်။

ကရုဏာ- လူမှုစည်းလုံးညီညွတ်ရေးအသင်း(မော်လမြိုင်သာသနာ) ဒါရိုက်တာဖာသာရ်ဟူးဘတ်မှလည်း ကုလသမဂ္ဂ၏စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမှုများကို ရှင်းလင်းတင်ပြရင်းတိုးတက်သော အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် စင်္ကာပူနိုင်ငံကို ဥပမာပေးကာ စည်းကမ်းဥပဒေဖြင့် ရပ်ရွာတိုးတက်ရေးအတွက်ကြိုးစားကြရန် အားပေးစကားပြောကြားခဲ့ပါသည်။

အဖွင့်ဩဝါဒချီးမြှင့်သူများ၏ တူညီသောတိုက်တွန်းအားပေးမှုမှာ ဌာနေတိုင်းရင်းသားများအနေဖြင့် ဒီမိုကရေစီခေတ်သစ်အပြောင်းအလဲ၌ အကြောက်တရားများကိုနောက်ချန်ထားခဲ့ပြီး မိမိတို့၏ခံစားချက်ဒေသ၏ လိုအပ်ချက်များကို ရိုးရှင်းပွင့်လင်းစွာဖြင့် နိုင်ငံတော်၏ဥပဒေများကိုလက်ကိုင်ထားပြီး ဆွေးနွေးဖြေရှင်းကြရန် တိုက်တွန်းခဲ့ကြသည်။ ကရင်စာပေယဉ်ကျေးမှုဥက္ကဌတိုင်းဒေသကြီး အဆင့်ငြိမ်းချမ်းရေးဖေါ်ဆောင်မှု စောင့်ကြည့်ရေးအဖွဲ့၏ ဒုဥက္ကဌလည်းဖြစ်သူ ဆရာစရောဝင်း(အထက်တန်းရှေ့နေ)မှ ဥပဒေကြောင်းအရသိသင့်သည်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ တောင်ပိုင်းကရင်လူငယ်အသင်း(တနင်္သာရီတိုင်း) ဥက္ကဌဖြစ်သူ စောစံငွေမှလည်း ဒေသခံတို့၏ ဆန္ဒသဘောထားခံယူပွဲတွင် လိုအပ်သည်များကိုပံ့ပိုးကူညီခဲ့ပါသည်။

**ဦးမျိုး(ဒဂုံ)**

# မြေယာပိုင်ဆိုင်မှုအခွင့်အရေးနှင့်ဥပဒေရေးရာအမြင်ဖွင့်သင်တန်း

မြိတ်ခရိုင်ကရင်စာပေ ယဉ်ကျေးမှု၏ဦးဆောင်မှုဖြင့် တောင်ပိုင်းကရင်လူငယ်အစည်းအရုံး၊ တနင်္သာရီတိုင်း ကရင်အမျိုးသား အစည်းအရုံး၏ မီးတိုင်ငယ်အလင်း( Candle Light) နှင့် ကရုဏာလူမှုစည်းလုံးညီညွတ်မှုအသင်း (မော်လမြိုင် ကက်သလစ်သာသနာ) တို့မှ စုပေါင်းအင်အား တစ်ဆယ့်ငါးဦးတို့က တစ်ရက်တာအမြင်ဖွင့်သင်တန်းကို ဇူလိုင်လ(၉)ရက်နေ့ မနက်(၈)နာရီခွဲတွင် ပဝကျေးရွာ၌ ပြုလုပ်ခဲ့ပါသည်။

သင်တန်းတွင် နိုင်ငံသားတစ်ဦးချင်း၏ အခွင့်အရေးများ၊ နိုင်ငံတော်အတွင်းရှိ မြေယာအမျိုးအစားများ၊ မြေယာပိုင်ဆိုင်မှုဥပဒေများ၊ လမ်းညွှန်ချက်များ၊ တရားဝင် မြေယာပိုင်ဆိုင်မှု ရရှိနိုင်ရန်အတွက်လုပ်ထုံးလုပ်နည်းများနှင့် မြေယာပိုင်ဆိုင်မှုအတွက်ပြဿနာ အငြင်းပွားမှုများဥပဒေအရ ဖြေရှင်းနည်းကို အကျယ်တဝင့်ပို့ချခဲ့ကြပါသည်။

ထို့အပြင် ကက်သလစ်အသင်းတော်၏ လူမှုရေးသွန်သင်ချက် ကြေညာစာတမ်းထဲမှ Solidarity-Option for the Poor (စည်းလုံးညီညွတ်ခြင်းမှု၊ ဆင်းရဲသားများကိုဦးစားပေးခြင်း) ဟူသောလမ်းညွှန်ချက်ကိုအခြေခံထားပြီး ပဝကျေးရွာအုပ်စုနေ ဌာနေတိုင်းရင်းသားတို့၏ရင်တွင်းဖြစ်ခံစားချက်များကို နားထောင်ပေးပြီး လူမှုဘဝလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများကိုလည်း ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကက် သလစ်အသင်းတော်၏ လူမှုရေးသွန်သင်ချက်များကိုစံထားပြီး မီးမောင်းထိုးရှင်းပြနိုင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်းပါမြေယာ၊ နယ်နိမိတ်နှင့် သဘာဝသယံဇာတပိုင်ဆိုင်ခွင့်များနှင့်ပက်သက်ပြီး ရုပ်ရှင်ပြသခြင်းဖြင့် ဌာနေတိုင်းရင်းသားတို့၏ ဗဟုသုတအမြင်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ထို့နောက် သင်တန်းတက်ရောက်သူများကို အုပ်စုလေးစုဖွဲ့ကာ မြေယာ၊ သစ်တော၊ သယံဇာတတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သောအားနည်းချက်၊ အားသာချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

သင်တန်းသို့ ပဝကျေးရွာအုပ်စုအသီးသီးမှ ဌာနေတိုင်းရင်းသား(၉၅)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းအဖွင့်အမှာစကားကို မြိတ်ခရိုင် ကရင်စာပေယဉ်ကျေးမှု နာယက ဖာသာရ်ဘရူးနိုးဖိလစ်ကပြောကြားခဲ့ပါသည်။

ကရုဏာလူမှုစည်းလုံး ညီညွတ်ရေးအသင်း၏ ဒါရိုက်တာ ဖာသာရ်ဟူးဘက်၊ သကျက် သာသနာနယ် ကျောင်းထိုင်ဖာသာရ်စောမျိုးချစ်နှင့် မြိတ်ခရိုင် ကရင်စာပေ၊ယဉ်ကျေးမှု နာယက ဆရာစောချိုအေးတို့မှ အားပေးစကားများ ပြောကြားခဲ့သည်။ ထိုသင်တန်းကို မြိတ်ခရိုင် ကရင်စာပေယဉ်ကျေးမှု၏ ဒုဥက္ကဌ နှင့် တိုင်းဒေသကြီးအဆင့် ငြိမ်းချမ်းရေးဖေါ်ဆောင်မှုစောင့်ကြည့်ရေး အဖွဲ့၏ အလှည့်ကျဒုဥက္ကဌစရောဝင်း (အထက်တန်းရှေ့နေ) တို့၏ လမ်းညွှန်ချက်နှင့် တနင်္သာရီခရိုင်ကေအဲင်ယူ အစည်းအရုံး မြေယာကော်မတီတာဝန်ခံ ပဒိုစောဘောနေတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြိတ်ခရိုင် ကရင်စာပေယဉ်ကျေးမှုအသင်း ဥက္ကဌဖြစ်သူ (အိုးလုပ်ပြင်၊ မြိတ်မြို့)မူလွန်ကျောင်းအုပ်ကြီး ဆရာအောင်ထွဋ်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးခဲ့ပါသည်။ **ဦးမျိုး(ဒဂုံ)**

# သုံးလပတ်ဝတ်စောင့်ခြင်း၊ အစည်းအဝေးနှင့် ဦးပဉ္စင်းသိက္ခာခံယူခြင်း

**ဗန်းမော်သာသနာ**

ကက်သလစ်အသင်းတော်ဗန်းမော်ဂိုဏ်းအုပ်သာသနာရှိဆရာတော်နှင့် ဘုန်းတော်ကြီးများ၏နေ့တပိုင်းဝတ်စောင့်ခြင်းနှင့်အတူတစ်နေ့တာ အစည်းအဝေးကို စိန်ပတ်ထရစ်ကာသီဒြယ်ဘုရား ကျောင်းဝန်း(၃)ထပ်ကျောင်းဆောင်တွင်ဩဂုတ်လ(၂)ရက်နှင့်(၃)ရက်တို့တွင်ပြုလုပ်ခဲ့ကြပါသည်။

နေ့တစ်ပိုင်းဝတ်စောင့်ခြင်းကို ဖာသာရ်ဂျွန်းလဖိုင်ဇော်ယော်မှဦးဆောင်ခဲ့ပြီး ကျွန်ုပ်တို့ရဟန်း များထမ်းဆောင်ရသောထမ်းပိုးသည် ခရစ်တော်ပေးသော ထမ်းပိုးဖြစ်ရမည်ဖြစ်ပြီး ခရစ်တော်ကိုယ်တိုင် ထမ်းခိုင်းသောထမ်းပိုးဖြစ်မှသာထမ်း၍လွယ်ကူသော၊ဝန်ထုပ်ပေါ့သောဘဝအသက်တာ၌ လျှောက်လှမ်းနိုင်ဖြစ်ကြောင်း(မာတေဦး၁၁း၂၈-၃၀)ကိုအခြေခံကာ တရားဟောပေးခဲ့ပါသည်။ဩဝါဒ၏တစိတ်တပိုင်းအနေဖြင့်လည်းသူ့အားတာဝန်ပေးခဲ့သောသက်ရှိသတ္တဝါများနှင့်ပတ်ဝန်းကျင်တို့၏ဆက်နွယ်မှုကို လေ့လာသည့်ပညာရပ် (Ecology) သင်တန်းနှင့်ပတ်သက်သည့်အယ်နီညို၊ လာနီညာတို့ဖြစ်ပေါ် လာရ ခြင်းမှာမြေပြန့်နှင့် တောင်တန်းဒေသများတွင်သစ်ပင်များပြုန်းတီးကုန်၍ဖြစ်ကြောင်း၊ တောင်တန်းဒေသများ၌ စိမ်းလန်းနေမှရာသီဥတုကိုထိန်းသိမ်းပေးနိုင်ပြီးမြေပြန့်ဒေသစိမ်းစိုမှုပတ်ဝန်းကျင်အပူလွန်ကဲခြင်းများကိုပြုပြင်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့်တောင်ပေါ် မြေပြန့်နှစ်ခုစလုံး၌သစ်ပင်များဖြင့် စိမ်းစိုနေရမည်ဖြစ်ကြောင်း၊မြေပြန့်ဒေသတွင်မိမိတို့အိမ်ခြံ၊ မိမိတာဝန်ယူခြင်းဖြင့်မိမိတို့မြို့ရွာကို စိမ်းလန်းစိုပြေလာနိုင်စေသော်လည်း၊ တောင်တန်းဒေသများ၌ ထိုသို့ဖြစ်လာနိုင်စေရန်မှုအစိုးရ၏လုပ်ဆောင်ချက်ဖြင့်သာဖြစ်နိုင်ကြောင်း သင်တန်းပို့ချချက်များပြန်လည် ဝေမျှခဲ့ပါသည်။ ဩဂုတ်လ(၃)ရက်နံနက်(၆)နာရီတွင် ကိုရင်ကိုလန်ဘန်လဘန်လာဒီးကို ဦးပဉ္စင်းသိက္ခာကိုတင်ပေးခဲ့ပါသည်။ ထိုဦးပဉ္စင်းသိက္ခာတင်ပွဲ၌ ဆရာတော်ဘုရားမှ ကြွရောက်လာသူအားလုံးကိုဦးပဉ္စင်းသိက္ခာခံယူတော့မည့်ကိုရင်အတွက်ပို၍ဂရုစိုက်အလေးထားဆုတောင်းပေးရမည့်အချိန်ရောက်လာပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဦးပဉ္စင်းသိက္ခာခံယူပြီး နောက်ထပ်ခံယူမည့်ရဟန်းသိက္ခာသည်ဘဝအသက်တာတစ်လျှောက်လုံးအတွက်အလွန်အရေးကြီးကြောင်းတရားပေးခဲ့ပါသည်။ **(BMW-OSC)**




# ပုသိမ်သာသနာ ရှားခဲသာသနာစိန်ဗင်းဆင်းအသင်းအစည်းအဝေးကျင်းပ

ဟသ်ာတဖုံ-ရှားခဲကျေးရွာ စိန်ဗင်းဆင်းဒီပေါလ်အသင်း၏ အမှုဆောင်များတွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ၃၊၇၊ ၂၀၁၆ နေ့တွင် ရှားခဲသာသနာ့အစည်းအဝေးခန်းမတွင် မွန်းလွဲ(၁)နာရီ၌ ကျင်းပကြပါသည်။ ဦးစွာကျောင်းထိုင်ဘုန်းတော်ကြီးဝင်းသန်းမှ အဖွင့်ဆုတောင်းမေတ္တာဖြင့်စတင်ပြီး ဩဝါဒမြွက်ကြားပေးခဲ့ပါသည်။ ဆက်လက်ပြီး အသင်းအတွက် လိုအပ်နေသော အမှုဆောင်သစ်နေရာများတွင် အသစ်ပြန်လည်ရွေးချယ် ပေးခဲ့ကြပါသည်။ ယင်းအစည်းအဝေးသို့ ပုသိမ်ဖုံ၊ ပုသိမ်စိန်ဗင်းဆင်းဒီပေါလ် အဖွဲ့ဝင်များမှ တက်ရောက်ကြပြီး ရွေးချယ်ပေးခဲ့ပါသည်။ ထို့နောက် ပုသိမ်ဖုံ ဥက္ကဋ္ဌ ဦးအောင်သူရမှ ရှေ့လုပ်ငန်းစဉ်အတွက် လုပ်ဆောင်ရန်တို့ကိုမှာကြားသွားပါသည်။ ဘုန်းတော်ကြီးဝင်းသန်းမှ အပိတ်ဆုတောင်းမေတ္တာသီဆို၍ ဘုန်းတော်ကြီး၏ ကောင်းချီးတော်ကို ခံယူကြပြီး အစည်းအဝေးကို မွန်းလွဲ(၂)နာရီတွင် ရုပ်သိမ်းခဲ့ကြပါသည်။



# မိဘများပွဲနေ့ကျင်းပ



ပုသိမ်ကက်သလစ်သာသနာ ပုသိမ်မြို့စိန်ပီတယ် ဘုရားကျောင်းရှိ သာသနာ့ခန်းမဆောင်၌ (၂၄၊ ၇၊ ၂၀၁၆) နံနက်(၉) နာရီတွင် မိဘများပွဲနေ့အခမ်းအနားကိုကျင်းပခဲ့ပါသည်။ ယင်းနေ့ နံနက်(၇)နာရီ မစ္ဆားတရားတော်မြတ်တွင် အဖဆရာတော်ဂျွန်မန်းဆိန်းဟိုမှ မိဘများအတွက်ဆုတောင်းပေးခြင်း၊ မိဘများမှလည်း လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်ပူဇော်ခဲ့ကြပါသည်။ အခမ်းအနားကို နံနက် (၉) နာရီတွင် ဆရာတော်ကြီးဂျွန်မန်းဆိန်းဟိုမှ အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင် ပေးပြီးဩဝါဒဆက်လက်မြွက်ကြားပါသည်။ ထို့နောက် သားသမီးများမှ မိဘများအားကန်တော့ခြင်း၊ ကန်တော့လက်ဆောင်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြပါ သည်။ ဆက်လက်ပြီးမိဘများကိုယ်စား ဇရာဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီမှ ဆုံးမ စကားပြောကြားခဲ့ပြီး၊ သားသမီးများကိုယ်စား နော်သီရိလင်းအောင်မှ ကျေးဇူး တင် စကားပြောကြား၍ မိဘများအား ဆုတောင်းမေတ္တာပို့သပေး ခဲ့ပါသည်။ ထို့ပြင် သံန္တာအာနားနှင့် သံဂျော်ကင်းတို့ကိုလည်း မဲဖောက်၍ရွေးချယ်ခဲ့ကြပါသည်။ သား သမီးများမှ မိဘများအား ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နံနက်(၁၁း၀၀)နာရီတွင် ဆရာတော်ကြီး၏ကောင်းကြီးတော်ကို ခံယူကြလျှက် မိဘများပွဲနေ့အခမ်းအနားကို အဆုံးသတ်ခဲ့ပါသည်။ နန့်ဂျူလိုင်အေး(ပုသိမ်)

# လူငယ်များသနားကြင်နာခြင်းဂျူဘီလီပွဲ ကျင်းပခြင်း

ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင် မြောင်းမြကက်သလစ်သာသနာတွင် လူငယ်များ၏ သနားကြင်နာခြင်း ဂျူဘီလီပွဲတော်ကို ၃၁၊၇၊၂၀၁၆ သို့ပြောင်းရွှေ့ကာမြောင်းမြသာသနာတပိုင်မှ နီးစပ်ရာကျေးရွာနှင့် မြို့ပေါ်ရပ်ကွက်၊ ဘော်ဒါလူငယ် ကျောင်းသား၊ ကျောင်းသူများ ၊ ဓမ္မသင်တန်းကျောင်းမှ ဆရာ ၊ဆရာမများအားလုံး ပါဝင်ကာ တနင်္ဂနွေနေ့ နံနက်မစ္ဆားအပြီး တွင် စတင်ကာကျင်းပခဲ့ကြပါသည်။ ဤပွဲတွင် ဘုန်းကြီး (၄)ပါး ဘရာသာရ် (၂)ပါးနှင့် စစ္စတာရ် (၂)ပါးတို့က လူငယ်(၁၄၆)ယောက်ကို လူငယ်များနှင့်သက်ဆိုင်သောအကြောင်း အရာများကို ပြောပြခဲ့ကြပါသည်။ ထို့အပြင် ကိုယ်တော်မြတ်စက္ကရမင်တူးရှေ့တွင်ကတိဝန်ခံချက်များပြုကြ၍ တစ်ဦး၏အပြစ်ကိုတစ်ဦးခွင့်လွှတ်ခြင်းအားဖြင့် ခြေဆေးခြင်းအခမ်းအနားကို ပြုလုပ်ကာအဆုံးသတ်ခဲ့ပါကြောင်းသတင်းရရှိပါသည်။ (သတင်းပေးပို့သူ Pathein. OSC)



# တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအားဂုဏ်ပြု

မင်္ဂလာဒုံမြို့နယ်၊ စိန်အက်ဒွက်သာသနာအတွင်းရှိ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သောကျောင်းသား၊ ကျောင်းသူ (၁၈)ဦးအား ဇူလိုင်လ (၃၁) ရက် တနင်္ဂနွေနေ့တွင် ဂုဏ်ပြုနှုတ်ဆက်ခဲ့ပါသည်။ ဤအစဉ်အစီကိုသာသနာ၏ မိဘများပွဲနေ့နှင့်အတူ ကျင်းပပြုလုပ်ရာ ဘာသာတူပေါင်းငါးရာဝန်းကျင် ပါဝင်ခဲ့ပြီး (၅) ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ (၁) ဘာသာဂုဏ်ထူးရှင်သုံးဦး၊ ရိုးရိုးအောင်မြင်သူရှစ်ဦးတို့ကိုဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ ( Sr.L. Marie S.P.S)



# သာသနာပိုင်အခြေခံပစ္စည်းများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအစည်းအဝေး

**(မန္တလေးဂိုဏ်းချုပ်သာသနာ)**



မန္တလေးကက်သလစ်ဂိုဏ်းချုပ် သာသနာအတွင်းရှိ သာသနာပိုင်ဆိုင်သောအဆောက်အအုံ၊ အိမ်၊ ခြံ၊ မြေ အစရှိသည့် အခြေခံပစ္စည်းများTemporal goods of the Church နှင့် ကာနွန်ဥပဒေ ( ၁၂၅၄၊ ၁၂၈၂)၊ နိုင်ငံတော်တရားဥပဒေနှင့်အညီထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ အစည်းအဝေးကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၁၇-၂၉)ရက်နေ့အထိ ချမ်းသာကုန်းမယ်တော် ဘုရားကျောင်းဝင်း အတွင်းတွင် ပြုလုပ်ခဲ့ပါသည်။အစည်းအဝေးသို့ မန္တလေးကက်သလစ်ဂိုဏ်းချုပ် သာသနာမှ ဆရာတော်ကြီး နီကောလားစ်မန်ထန်း၊မြေယာကော်မတီဥက္ကဋ္ဌFr.George ခင်မောင်ဌေး၊အတွင်းရေးမှူး ဦးတင့်ဆွေနှင့် မန္တလေးသာသနာအတွင်းမှ ဘုန်းတော်ကြီး(၁၃)ပါး၊ သီလရှင်(၉)ပါး၊ သာသနာအသီးသီးမှ ကိုယ်စားလှယ် (၁၂)ဦးတို့နှင့်အတူ အစည်းအဝေးကိုပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဆရာတော်ကြီး နီကောလားစ်မန်ထန်းမှ ” သာသနာပိုင်ပစ္စည်းဆိုတာ သာသနာပြုလုပ်ငန်းများအတွက်သာသက်ဆိုင်ကြောင်း၊ ပိုင်ဆိုင်မှုဆိုတဲ့နေရာမှာလည်း ဝိညာဉ်ရေး၊ သာသနာရေးလုပ်ငန်းများနှင့် အကျိုးဝင်ရန်လိုအပ်ကြောင်း၊ တစ်ဦးတစ်ယောက်ထဲအတွက် အသုံးပြုလို့မရကြောင်း၊ Parish တစ်ခု၊Dio တစ်ခုတည်းနှင့် သက်ဆိုင်သည့် အရာမဟုတ်ပဲ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်ကာ ပုပ်ရဟန်းမင်းကြီးမှ တိုက်ရိုက်ပိုင်ဆိုင်ကြောင်း၊ ထို့ကြောင့်အဓိကပြောချင်သည့်အရာမှာ သာသနာပိုင်ပစ္စည်းအား မိမိသဘော ဆန္ဒအလျှောက် ငှားရမ်းခြင်း၊ ပေါင်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက ကက်သလစ် ခရစ်ယာန်ကာနွန် ဥပဒေအရသော်၎င်း၊ နိုင်ငံတော်တရားဥပဒေအရသော်၎င်း ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း”တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။ မြေယာကော်မတီ ဒါရိုက်တာ Fr.George ခင်မောင်ထွေးမှလည်း မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာအတွင်းရှိ မြေများ သည်ရှေးခေတ်အခါကသာသနာပြုပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် ရရှိထားပုံများ၊ အချို့မြေနေရာများသည် အလွန်အဖိုးတန်သောမြေများ ဖြစ်ကြောင်း၊ ထို့ကြောင့် သာသာတူများအနေဖြင့် ထိုမြေများအား စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုကြောင်း၊ သာသနာပိုင်မြေအား အလွဲသုံးစားပြုလုပ်ပါက ထိရောက်စွာ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း။ ထို့သို့ သာသနာပိုင်ပေါ်တွင် နေထိုင်ပြီး ထိုမြေအား အလွဲသုံးစားပြုလုပ်ခဲ့သူများအားလဲ ထိရောက်သောအရေးယူမှုများကို မြေယာကော်မတီမှ အမှုဖွင့်ကာ ဖြေရှင်းခဲ့ရမှုများရှိကြောင်း၊ သာသနာအနေဖြင့်တိကျသောစာရွက်စာတမ်း အထောက်အထားများရှိသဖြင့် အမှုများမှာလည်းအနိုင်ရရှိခဲ့ကြောင်း၊လက်ရှိအခြေအနေပိုင်ဆိုင်ပုံများ၊စာချုပ်စာတန်းပြုလုပ်ပုံများ၊ပြသနာများနှင့် ကျင့်သုံးမှုလက်ရှိအခြေအနေများ၊ ဝိသေသဆံသော ပြသနာများ နှင့် ရှေ့ဆက်လုပ်ဆောင်မည့် စီမံကိန်းများလျာထားပုံများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး မြေယာကော်မတီအတွင်းရေးမှူး ဦးတင့်ဆွေမှလည်း “ သာသနာမြေပေါ်တွင် နေထိုင်သည့်သူများနှင့် ပတ်သက်၍ ပြောကြားရာတွင် သာသနာမြေပေါ်တွင် အခမဲ့ နေထိုင်သူများနှင့် အခကြေးငွေဖြင့်ငှားရမ်းနေထိုင်သူများရှိကြောင်း၊ အခမဲ့နေထိုင်ရသူများမှာ သာသနာနှင့် သုံးနှစ်တစ်ကြိမ်စာချုပ်ချုပ်ဆိုရကြောင်း၊ သာသနာမှဆောက်လုပ်ပေးထားသောသာသနာ့တိုက်ခန်းတွင် အခကြေးငွေဖြင့် ငှားရမ်းနေထိုင်သူများသည် တစ်နှစ်တစ်ကြိမ်စာချုပ်ချုပ်ဆိုရကြောင်း၊ ကာလဒေသအလျောက် တိုက်ခန်းခများ မတူညီခြင်းဖြစ်ကြောင်း၊ မိမိလက်ရှိ နေလျှက်ရှိသည့် သာသနာ့မြေပေါ်တွင် ဆောက်ထားသည့် အိမ်အား မိမိဆန္ဒအလျောက် ပြုပြင်မွမ်းမံခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများပြုလုပ်ခွင့်မရှိကြောင်း၊ပြုပြင်လိုပါကလည်း မြေယာကော်မတီထံသို့ အသိပေးအကြောင်းကြားကာ မြေယာကော်မတီမှ တာဝန်ရှိသူ၏ ခွင့်ပြုချက် ရမှသာလျှင် လုပ်ဆောင်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ စာချုပ်ပါစည်းကမ်းချက်များကိုလည်း အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်တိုင်ပင်ကာ နိုင်ငံတော်တရားဥပဒေနှင့်အညီ နှစ်ဦးသဘောတူ ချုပ်ဆိုမှုများကိုလုပ်ဆောင်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ပြင်ဦးလွင် စိန်မေရီသာသနာ အုပ်စုမှ သာသနာ့ အကျိုးဆောင်ဥက္ကဋ္ဌ ဦးဘော်စကိုမှလည်း“မြေယာကော်မတီနှင့် ပတ်သက်ပြီး အစည်းဝေးတစ်ခါမှ မတက်ဖူးဘူး။ မတက်ရတော့ ဘာမှမသိရဘူး ပေါ့နော်။ အခုအစည်းဝေးတက်ခွင့်ရတော့ သိလာရတာက တစ်ချို့မြေတွေက ဒီတိုင်း မထားသင့်ဘူး။ လိုက်ဆောင်ရွက်သင့်တယ်။ ပြန်ရအောင်လုပ်သင့်တယ်။ အဲဒါတွေသိသွားတော့ သာသနာအတွက် အကျိုးရှိမယ့်အရာတွေက အများကြီးအလေအလွင့်ဖြစ်နေတယ်လို့ စိတ်ထဲခံစားရတယ်။ ဒါကြောင့် ဒါတွေကို ဘယ်လိုပြန်ပြီး ထိန်းသိမ်းမလဲဆိုတဲ့ အသိစိတ်ဝင်လာပြီး ဒါတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာကို သိလာပြီ”ဟု အစည်းဝေးတွင် ပါဝင်ခြင်းဖြင့်ရရှိခဲ့သည့် အကျိုးကျေးဇူးကို ပြောပြခဲ့ပါသည်။

မန္တလေး စိန်ဂျွန်းသာသနာအုပ်စုရှိ ကရုဏာရေးသီလရှင်အသင်းဂိုဏ်းမှ Superior စစ္စတာရ် ရိုစ့်မေရီခင်သန်းမှလည်း “မန္တလေးသာသာရဲ့ ရှေးခေတ်က ဘုန်းကြီးတွေလုပ်ခဲ့တဲ့ ဖွံ့စည်းပုံတွေရဲ့ အကျိုးမြတ်က လက်ရှိလူတွေ ခံစားရတယ်။ အဝေးကို မြင်ကြည့်ပြီး သာသနာအတွက် လုပ်ခဲ့တာတွေ ခုချိန်မှာခံစားနေရတာဖြစ်တဲ့အတွက် မန္တလေးသာသနာအတွက် ဝမ်းသာတယ်။ မန္တလေးသာသနာမှာ မြေတွေအများကြီးရှိတာ အရင်ကမသိခဲ့ဘူး။ခုမှသိတာပါ။ ဒီမှာ ပြောသွားတဲ့မြေနဲ့ပတ်သက်တဲ့ကိစ္စတွေကို ကြားရတဲ့အခါမှာ ပညာတိုးတယ်။ တစ်နေ့တစ်ချိန်မှာ ကိုယ်ကိုယ်တိုင် ဒီလိုမျိုး မြေနဲ့ ပတ်သက်တဲ့ အရှုပ်အရှင်းတွေ ရှိလာမယ် မလာဘူးဆိုတာမပြောနိုင်ဘူး။ ဒါကြောင့်မို့ ကက်သလစ် အသင်းတော်ရဲ့ဥပဒေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ဥပဒေတွေကို ခုလိုရှင်းပြပေးခြင်းအားဖြင့် ပြဿနာဖြစ်လျှင် ဘယ်လို ဖြေရှင်းရမလဲဆိုတာကို ပညာရခဲ့ပါတယ်။”ဟု အစည်းဝေးတက်ရောက်ခြင်းဖြင့် အကျိုးခံစားရပုံကို ပြောပြပေးခဲ့ပါသည်။

မြေယာကော်မတီ အဖွဲ့အစည်း၏ အဓိကရည်ရွယ်ချက်သည် ကိုယ်ပိုင်မြေမရှိသည့်ဆင်းရဲသားများယာယီနေထိုင်ရန် ၊ ဘာသာတူများ တစ်စုတစ်ဝေးနေထိုင်နိုင်ရန်၊ ဘုရားနှင့် အနီးပတ်ဝန်းကျင်တွင် ဘာသာတူများ နေထိုင်ရေးဆိုသည့် ရည်ရွယ်ချက်ဖြင့် မြေယာများအား စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်နေခြင်းဖြစ်သည် ဟုသိရှိရပါသည်။

**Pinky ( MDY-OSC)**

# မိဘများပွဲကျင်းပ

**လားရှိုးသာသနာ**



ဇူလိုင်လ (၃၁) ရက်နေ့၊ နံနက် ၀၈ း ၀၀ နာရီမှ ညနေ ၀၃း ၀၀ နာရီအထိ ယေရှုးရွှေနှလုံးတော်ဘုရားကျောင်း၊ နှင်းဆီခန်းမတွင် လားရှိုးတိုက်နယ်လူငယ်များ မိဘပွဲကျင်းပခဲ့ကြပါသည်။ လားရှိုးဂိုဏ်းအုပ်ဆရာတော်ကြီး ဖိလစ်ဇဟောင်းနှင့်အတူ ရဟန်းတော်(၇)ပါး၊ သီလရှင်(၂၆)ပါး၊ အသက် ၆၉နှစ်အထက်ကန်တော့ခံမိဘများ(၁၂၆)ဦးနှင့် ကျောင်းသူ/သားများနှင့် ဘာသာဝင်မိဘများ ၁၂၀၀ ဦးခန့် မိဘပွဲတွင်ပါဝင်ခဲ့ကြပါသည်။ မိဘပွဲကိုတစ်နှစ်ထက်တစ်နှစ်မရိုးရလေအောင် အစီအစဉ်များကိုလူငယ်များက ဖန်တီးပြီးပြုလုပ်လာခဲ့ကြရာ ယခုနှစ်တွင်လူကြီးမိဘများထံ တိုက်ရိုက်အလှူငွေကောက်ခံခြင်းမပြုဘဲ ရံပုံငွေဈေးရောင်းခြင်း၊ ကံစမ်းမဲများပြုလုပ်ခြင်းနှင့် လူငယ်တစ်ဦးချင်းစီ၏ ချွေးနည်းစာမှ ထည့်ဝင်ကြသောအလှူငွေများဖြင့် ၂၀၁၆ မိဘပွဲကိုပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ယခုနှစ်မိဘပွဲကို (၁) မစ္ဆားတရားတော်မြတ်ပူဇော်ခြင်း၊ (၂) ရွှေပွဲလာဧည့်သည်တော်များအားလုံးကို ကြက်ဆီထမင်းဖြင့် ဧည့်ခံခြင်း၊ (၃) တက္ကသိုလ်ဝင်တန်းအောင်မြင်သောကျောင်း သူ/သားများအားဂုဏ်ပြုခြင်း၊ (၄) မိဘများအားဂုဏ်ပြုလက်ဆောင် ပေးအပ်ခြင်းနှင့်အတူ ဂုဏ်ပြုသီချင်းများဖြင့်ဖျော်ဖြေခြင်း၊ (၅) ၂၀၁၆ မိဘပွဲအမှတ်တရကံစမ်းမဲဖေါက်ခြင်းအစီအစဉ်များဖြင့် ပြုလုပ်ခဲ့ကြောင်း လူငယ်တာဝန်ခံတစ်ဦးထံမှသိရှိရပါသည်။**(LSO-OSC)**

# မန္တလေးသာသနာလုံးဆိုင်ရာဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းအစီအစဉ်အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၊ (၁-၃) ရက်ထိ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ချမ်းသာကုန်းရွာတွင် မန္တလေးကရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်းမှ ကြီးမှူးကာမန္တလေးသာသနာလုံးဆိုင်ရာ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းအစီအစဉ် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးကက်သလစ်သာသနာမှ ဂိုဏ်းချုပ်ဆရာတော်ကြီးနီကောလားစ်မန်ထန်း၊ မန္တလေးသာသနာမှ ကရုဏာဒါရိုက်တာ Fr.Cyril Myint Soe, မန္တလေးသာသနာအတွင်းမှ ဘုန်းတော်ကြီး(၈)ပါးနှင့်သာသနာ အသီးသီးမှ ကိုယ်စားလှယ်(၃၀) ဦးပါဝင်တက်ရောက်ခဲ့ကြပါသည်။

မန္တလေးကက်သလစ်ဂိုဏ်းချုပ် သာသနာမှ ဆရာတော်ကြီးနီကောလားစ်မန်ထန်းမှဩဝါဒမြွက်ကြားရာတွင် "ကက်သလစ် ဘာသာဝင် တစ်ယောက်ဟာ ဆေးကြောခြင်းခံယူကတည်းက ဘာသာတရားလုပ်ဖို့ တာဝန်ရှိပါတယ်။ အုတ်တစ်ချပ်သဲတစ်ပွင့်တန်ဖိုး ညီမျှစွာရှိကြတယ်။ ဒေသတစ်ခုရဲ့လိုအပ်ချက်ကို ဆရာတော်တွေ၊ ဘုန်းကြီးတွေထက် အဲဒီဒေသမှာရှိတဲ့ ဒေသခံတွေကသာပိုပြီး တာဝန်ရှိတဲ့အတွက် ကိုယ်လုပ်ရမယ့် ကိုယ့်တာဝန်တွေကို သိဖို့လိုအပ်ပါတယ်။ ဒေသတစ်ခုမှာအရေးပေါ် ဘေးအန္တရာယ်ဖြစ်ပြီဆိုဒေသ ခံတာဝန်တွေကမှ တစ်ဆင့်ဘုန်းတော်ကြီးတွေ ဆရာတော်တွေ တာဝန်ရှိသူတွေကို ဆက်သွယ်ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် မန္တလေးသာသနာတစ်ခုလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုပြုလုပ်ရခြင်းဖြစ်တယ်" ဟု မြွက်ကြားတော်မူခဲ့ပါသည်။

မန္တလေးကရုဏာ မြန်မာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှ သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်း တာဝန်ခံ ကိုသန်းမင်းထွန်းမှ သဘာဝဘေးအန္တရာယ်မဖြစ်ပေါ်ခင် ကြိုတင်ပြင်ဆင်ရမည့် အရာများနှင့် လုပ်ဆောင်ထားသင့်သည်များမှာ "သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတွေအနေနဲ့ မတူညီတဲ့အဆင့်တွေအများကြီးရှိပါတယ်။ မိသားစုအဆင့်၊ ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်စတဲ့မတူညီတဲ့ကြိုတင်ပြင်ဆင်မှုအပိုင်းတွေ အများကြီးရှိပါတယ်။ ပြည်သူလူထုအနေဖြင့် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကျေးရွာနှင့် မိသားစုအဆင့်ကြိုတင် ပြင်ဆင်မှုလုပ်ငန်းတွေ အားကောင်းထားဖို့လိုအပ်ပါတယ်။ ပထမဦးဆုံး မိသားစုအဆင့် ကြိုတင်ပြင်ဆင်မှုမှာ သဘာဝဘေးအန္တရာယ်မကျရောက်ခင် အရေးကြီးတဲ့စာရွက်စာတမ်း၊သက်ဆိုင်ရာအဖွဲ့စည်း



တွေရဲ့ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်တွေ၊ လတ်တလော အဆင်သင့်စားနိုင်မယ့် အသင့်စား အစားအစာတွေ၊ ဆေးဝါးတွေ၊ လူတစ်ယောက် အဝတ်(၃)စုံစီ၊ ဓာတ်မီး၊ ဖယောင်းတိုင်၊ ကြိုးခွေစတဲ့ ပစ္စည်းတွေကို ကြိုတင်ထုပ်ပိုး ပြင်ဆင်ထားဖို့ လိုအပ်တယ်။နောက်တစ်ခုက ရေကြီးရေလျှံမှုဖြစ်တဲ့အခါမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်တတ်တဲ့အတွက်သောက်ရေသန့်လည်း ဆောင်ထားဖို့ လိုအပ်တယ်။

ဒါကတော့ မိသားစုအဆင့် ကြိုတင်ပြင်ဆင်မှုဖြစ်တယ်။ နောက်ကျေးရွာအဆင့်ကြိုတင်ပြင်ဆင်မှု အနေနှင့်လက်ရှိ သဘာဝ ဘေးအန္တရာယ်အရ အရေးပေါ် ထွက်လမ်းတွေ ရှာဖွေထားဖို့ လိုအပ်ပါတယ်။ မိမိဒေသမှာရှိတဲ့ လူတွေအရေးပေါ် ဘေးလွတ်ရာထွက်နိုင်ဖို့ ရှင်းလင်းထားဖို့လိုအပ်သလို ပြည်သူလူထုအတွက် အရေးပေါ် ကိရိယာတွေကိုလည်း ရှာဖွေပြင်ဆင်ထားဖို့လည်း လိုအပ်ပါတယ်။အရေးပေါ် ခိုလှုံရာနေရာကို ခိုလှုံကြမယ့်သူတွေရဲ့ စားဝတ်နေရေးကို ကူညီထောက်ပံ့ဖို့လိုအပ်သလိုသူတို့အပေါ် လူ့ဂုဏ်သိက္ခာနှင့်အညီ ပြုမူပြောဆိုဆက်ဆံဖို့လည်းလိုအပ်ပါတယ်။ လမ်းပန်း ဆက်သွယ်ရေးတွေ၊ လမ်းတံတားတွေကအစ သဘာဝဘေးအန္တရာယ်မဖြစ်ခင်အချိန်ရော၊ ဖြစ်နေချိန်မှာပါ ကြံ့ခိုင်မှုစစ်ဆေးထားဖို့ လိုအပ်ပါတယ်။ အရေးပေါ်ထွက်ပြေးဖို့အသုံးပြုမယ့်လမ်းတံတားတွေ၊မိသားစုတွေ အရေးပေါ်ခိုလှုံရာ နေရာကိုရောက်ရှိလာမယ့် ပုဂ္ဂိုလ်တွေရဲ့ အစားအသောက်တွေကအစ ကြိုတင်ပြင်ဆင်ထားရမယ်။ ရှေးဦးသူနာပြုစုနည်းတွေကိုလည်း ကောင်းစွာ လုပ်အားပေးနိုင်မယ့် အဖွဲ့တွေလိုအပ်တယ်။ နောက် ဘေးလွတ်ရာကို ကူညီရွှေ့ပြောင်းပေးနိုင်ဖို့ လုပ်အားပေးအဖွဲ့တွေလည်းလိုအပ်ပါတယ်။

သဘာဝ ဘေးအန္တရာယ်တစ်ခုဖြစ်ရင် အများပြည်သူသိရှိနိုင်ဖို့ ကြိုတင်သတိပေးရေး စနစ်ဟာလည်း အရမ်းအရေးကြီးပါတယ်။ ဘေးအန္တရာယ်မဖြစ်မီပြောင်းရွှေ့ရမယ့်အချိန်မှာ ကလေးသူငယ် သက်ကြီးရွယ်အို၊ နာမကျန်းဖြစ်နေသူနှင့် မသန်စွမ်းများကို အချိန်မီဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးနိုင်မယ့် ကယ်ဆယ်ရေးအဖွဲ့တွေကို ပြင်ဆင်ဖွဲ့စည်းထားဖို့လိုအပ်ပါတယ်။ အစားအစာနှင့် အသုံးအဆောင်များကို အမျိုးသားအမျိုးသမီး အသက်အပိုင်းအခြားအလိုက်ဝေငှပေးနိုင်ဖို့ စာရင်းများကိုလည်း အချိန်မီပြုစုထားဖို့ လိုအပ်ပါတယ်။ နောက်ရှာဖွေကယ်ဆယ်ရေးအနေနဲ့ အိမ်ထဲမှာ ပိတ်မိနေသူတွေ၊ ဘေးလွတ်ရာကို ထွက်ပြေးဖို့အခက်အခဲဖြစ်နေတဲ့သူတွေရဲ့ စာရင်းလေးတွေကို ပြုစုထားပြီး အရေးပေါ် ထွက်ပြေးမယ့် လမ်းကြောင်းကစလိုအပ်ပါတယ်။ နောက်တစ်ချက်က ကျေးရွာအဆင့်အနေနဲ့ မြန်မာနိုင်ငံမိုးလေဝသနဲ့ ဇလဗေဒက ထုတ်ပြန်တဲ့ မိုးလေဝသသတင်းတွေကိုနားဆင်ပြီး အကြံပြုချက် တွေကိုလိုက်နာဆောင်ရွက်ဖို့လည်းလိုပါတယ်။ မြို့နယ်နဲ့ချိတ်ဆက်တဲ့ အပိုင်းမှာလည်း သူတို့ရဲ့ အကြံဉာဏ်တွေ၊ ဦးဆောင်ဦးရွက်မှု အပိုင်းတွေကို လိုက်နာဖို့လိုတယ်။

ဘေးအန္တရာယ် ဖြစ်တဲ့အခါ ရွာတစ်ရွာတည်းလုပ်လို့ မရပါဘူး၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်လုပ်ဆောင်မှသာ သဘာဝဘေးအန္တရာယ်တွေနှင့်ပတ်သက်ပြီး ဆုံးရှုံးနိုင်ခြေတွေဟာ လျော့နည်း သွားမှာဖြစ်ပါတယ်။ သူတို့ရဲ့ ဦးဆောင်မှုတွေ ပူပေါင်းပါဝင်မှုတွေဟာ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာတွေအတွက် အလွန်အရေးပါ ပါတယ်" ဟု ကိုသန်းမင်းထွန်းမှ ပြောပြ ပေးခဲ့ပါသည်။

သင်တန်း ရည်ရွယ်ချက်မှာ မန္တလေးသာသနာအတွင်းတွင် ရှိတဲ့မိသားစုတွေ သဘာဝဘေးအန္တရာယ်တွေကြောင့် ဆုံးရှုံးနိုင်ခြေရှိတဲ့အရာတွေကို လျော့ချပြီးခံနိုင်ရည်ရှိပြီး ကိုယ်ထူကိုယ်ထစနစ်နှင့် ရပ်တည်နိုင်တဲ့ မိသားစုဖြစ်စေရန်ဖြစ်တယ်။

ဦးတည်ချက်ကတော့ ဒီသင်တန်းပြီးတဲ့အခါမှာဒီသင်တန်းသားတွေဟာသဘာဝ ဘေးအန္တရာယ် လျော့ချရေး အသိပညာမြင့်မားလာဖို့၊ သာသနာအဆင့် ၊ ဇုံအဆင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး စီမံခန့်ခွဲရေး ကော်မတီနဲ့ ထောက်ပံ့ရေး ကော်မတီ Diocesan level ERSP နှင့် ဇုံ Level ERSP အဖွဲ့ဖွဲ့ဖို့ရည်ရွယ်ထားတယ်။

ကရုဏာမန္တလေးကနေပြုလုပ်တဲ့ သဘာဝ ဘေးအန္တရာယ် လျော့ပါးရေးလုပ်ဆောင်မယ့် လုပ်ငန်းတွေမှာ ဘာသာတူအုပ်စု တွေအနေနဲ့ တက်ကြွစွာပါဝင်ဖို့၊ ဘာသာတူများထံမှ နှစ်စဉ် ဝါတွင်းကာလမှာကောက်ခံတဲ့ဝါတွင်းစုပူးများကိုကရုဏာ မန္တလေးရုံးမှ စနစ်တကျနဲ့ အကျိုးရှိစွာ အသုံးပြုနေကြောင်းကို ဘာသာတူများ ပိုမိုသိရှိနားလည်ပြီးကျေးရွာအဆင့်သာသနာအုပ်စုအဆင့်အရေးပေါ် ရန်ပုံငွေများစုဆောင်းတတ်တဲ့ အလေ့အကျင့်တွေ တိုးပွားလာဖို့ ဦးတည်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်"ဟုလည်း ကိုသန်းမင်းထွန်းမှ ပြောပြခဲ့ပါသည်။

ရှေ့ဆက်လုပ်ဆောင်မယ့်လုပ်ငန်းကတော့ ဆရာတော်နှင့် ကရုဏာမန္တလေးဒါရိုက်တာပါဝင်တဲ့ အစည်းဝေးလေးလုပ်ပြီး ဒီအလုပ်ရုံမှာ ပြုလုပ်ခဲ့တာတွေကိုတင်ပြပြီး ဇုံအဆင့် ၊သာသနာအုပ်စုအဆင့် ဘေးအန္တရာယ် လျော့ပါးရေးအဖွဲ့ဖွဲ့စည်းဖို့ ဆက်လက်လုပ်ဆောင်သွားမယ်။ ဖွဲ့စည်းပြီးတဲ့အခါမှာ သာသနာအဆင့်၊ ဇုံအဆင့် ဘေးအန္တရာယ်လျော့ပါးရေးနဲ့ဆိုင်တဲ့ အမြင်ဖွင့် သင်တန်းတွေလည်း ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းကနေပြီး မန္တလေးသာသနာအတွင်းမှာဖြစ်ပေါ်လာမယ့်ဘေးအန္တရာယ်တွေရော၊ ခြိမ်းခြောက်နေတဲ့ ဘေးအန္တရာယ်များကိုပါ ကိုင်တွယ်ပြီးတော့ ဆုံးရှုံးနိုင်ခြေများနှင့်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာတွေကို လျော့နည်းနိုင်သမျှ လျော့နည်းအောင် လုပ်ဆောင်သွားပါမယ်ဟုလည်း ပြောပြခဲ့ပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြင်ဦးလွင်မြို့ အပြစ်မဲ့သန္ဓေယူသောသခင်မဘုရားကျောင်းမှ ကရုဏာရေးကော်မရှင်မှ တာဝန်ခံကိုယ်စားလှယ် ဒေါ်စူဇန် အေးအေးဝင်းမှလည်း အရင်က သဘာဝ ဘေးအန္တရာယ်တွေ့ကြုံမှုနည်းပေမယ့်အခုလိုဆွေးနွေးပွဲမှာ ပါဝင်တဲ့အခါ ကိုယ်ကိုတိုင်ပဲ ခံနေရတယ်လို့ ခံစားရတယ်။ အခုအရင်တုန်းက ကြားဖူးတာပဲရှိတယ်။ အခုကတော့ ကိုယ်ကိုယ်တိုင်ဖြစ်ခဲ့ရင်ရော ဆိုတဲ့စိတ် ခံစားရတယ်။ ပိုပြီးတော့လှုပ်ရှားချင်လာတယ်။ ပိုပြီးတော့ ပါဝင်ကူညီချင်တယ်။ ဘေးအန္တရာယ်ကြုံတွေ့ရတဲ့နေရာတွေမှာ တတ်နိုင်တဲ့ဘက်ကပါဝင်လှုပ်ရှားမယ်။ အရင်ကဝါတွင်းစုပူးစုရတဲ့အကြောင်းရင်းကို မသိခဲ့ဘူး။ စုပူးပေးတဲ့အခါယူပြီး ဒီတိုင်းပဲ ပိုက်ဆံထည့်လိုက်တာပဲ။ အခုတော့ ဝါတွင်းကာလမှာ သာသနာကနေပေးတဲ့စုပူးဟာ ကရုဏာရုံးကနေပြီး သဘာဝ ဘေးအန္တရာယ်ကျရောက်တဲ့ နေရာတွေမှာ အသုံးပြုတယ်ဆိုတာကိုသိရတော့ ခုအိမ်ပြန်တဲ့အခါမှာ ဝါတွင်းစုပူးတွေ ပေးတဲ့အခါမှာ သေသေချာချာစုနိုင်ကြဖို့ကိုယ့်သာသနာကလူတွေကိုတိုက်တွန်းမယ်လို့ ဆုံးဖြတ်ထားတယ်" ဟု သဘာဝ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ခြင်းအားဖြင့် သိရှိခဲ့ရသော အကျိုးကျေးဇူးများကိုပြောပြခဲ့ပါသည်။

မန္တလေး ကရုဏာမြန်မာလူမှုစည်းလုံးညီညွတ်ရေး အသင်းအနေဖြင့် မန္တလေး သာသနာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ပထမဦးဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်သည်ဟုသိရှိရပါသည်။

**Pinky (MDY-OSC)**





ဖယ်ခုံသာသနာ

# လူငယ်များ၏သနားကြင်နာခြင်းဂျူဘီလီနှစ်ဝတ်စောင့်ခြင်း

ဖယ်ခုံကက်သလစ်ဂိုဏ်းအုပ်သာသနာ၊ မောက်မယ်တိုက်နယ်ငြိမ်းချမ်းခြင်းသခင်မ ဘုရားရှိခိုးကျောင်းတွင်သနားခြင်းဂျူဘီလီနှစ်အထိမ်းအမှတ် လူငယ်ဝတ်စောင့်ပွဲကိုပြုလုပ်ခဲ့ပါသည်။

(၂၅၊၇၊၂၀၁၆) ည(၇)နာရီအချိန်တွင်လူငယ်အလံတင်ခြင်း၊ ကမ္ဘဋ္ဌာန်းထောက်ရှုခြင်း၊ သြတ္တပစိတ် ဆန်းစစ်ခြင်းနှင့်အတူ အာပတ်ဖြေခြင်းနှင့် ဝတ်စောင့်ပွဲကိုစတင်ခဲ့ပါသည်။

(၂၆၊၇၊၂၀၁၆)နေ့မစ္ဆားတရားတော်ပူဇော်ခြင်းအပြီးတွင် ကမ္ဘဋ္ဌာန်းထောက်ရှုခြင်း၊ ကိုယ်တော်မြတ်ဖူးမျှော်ခြင်း၊ တစ်နာရီဝတ်ပြုကိုးကွယ်ခြင်း၊ သမ္မာကျမ်းစာဝေမျှခြင်း၊ တစ်ရက်တာ ဝတ်စောင့်ခြင်းဖြင့်အချိန်ကုန်ဆုံးစေခဲ့ပါသည်။

ပို့ချဦးဆောင်သူများမှာ Sr.Daisy Shwe၊ Sr.Vicentia Htway နှင့်Fr.E Hla El တို့ဖြစ်ကြပါသည်။ စိပ်ပုတီးစိပ် ခြင်းနှင့် Benediction ပြုလုပ်ပြီးနောက် ည(၇)နာရီအချိန်တွင် ကျမ်းစာဝေမျှခြင်းများပြုလုပ်ခဲ့ပါသည်။ဝတ်စောင့်ခြင်း၏ဆောင်ပုဒ်မှာ "လေပြေလေညင်းအကြားမှာ ဘုရားသခင် ကိုဖူးတွေ့ကြစို့" ဟူ၍ဖြစ်ပါသည်။



တက်ရောက်သော လူဦးရေမှာ (၃၀)ဦးဖြစ်သည်။ နောက်တစ်နေ့ ကျေးဇူးတင်မစ္ဆားအပြီးတွင် လူငယ်ရှေ့ဆက်ခရီးသီချင်းဖြင့် လူငယ်အလံကိုပြန်ရုပ်သိမ်းပြီး ဝတ်စောင့်ပွဲကိုအဆုံး သတ်ခဲ့ပါသည်။ **ကိုစိုးအိုင်(ဖယ်ခုံ-OSC)**

# လေးနှစ်ပြည့် မြန်မာကက်သလစ်ဖန်တီးမှုအနုပညာရှင်များအဖွဲ့အစည်း

မြန်မာကက်သလစ်ဖန်တီးမှုအနုပညာရှင်များအဖွဲ့ကို ၂၄၊၈၊၂၀၁၂ ခုနှစ်၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်တွင် စတင်ဖွဲ့စည်းခြင်းကျင်းပပြုလုပ်ခဲ့ပါသည်။

နောက်ခံသမိုင်း။

ကက်သလစ်အနုပညာရှင်များအသင်းသည် ရဟန်းမင်းကြီးဘယ်နဒစ်(၁၆)၏ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင်စစ်စတင်းဘုရားခန်း၌ပေးခဲ့သော မိန့်ခွန်းကိုအခြေပြု၍ ဖွဲ့စည်းခြင်းဖြစ်ပါသည်။ ရဟန်းမင်းကြီးက "အနုပညာရှင်များသည် လှပခြင်းကိုထိန်းသိမ်းစောင့်ရှောက်သူများ၊ လူသားထုအတွက် မျှော်လင့်ခြင်းကို ကြေငြာသက်သေခံသူများဖြစ်ကြသည်" ဟု မိန့်ဆိုခဲ့သည်။

လူ့အသိုင်းအဝိုင်းကလည်း အနုပညာသည်များကို အနုပညာသာမက ဝိညာဉ်ရေးရာတွင် အရှိန်အဟုန်ကောင်းစေရန်နှင့် မီဒီယာတွင်ကျွမ်းကျင်သူများဖွံ့ဖြိုးတိုးတက်လာရန် အစဉ်အားပေးနေပါသည်။ ထိုသို့လုပ်ဆောင်နိုင်စွမ်း ရှိခြင်းအားဖြင့် သူတို့၏လုပ်ငန်းစဉ်များသည်လည်း ဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို တိုးပွားစေပြီး လူ့အသိုင်းအဝိုင်းနှင့်ယဉ်ကျေးမှုလေ့ထုံးတမ်းများသာမက တစ်ဦးချင်းစီကို ဘုရားတရားကြွယ်ဝစေနိုင်မည်ဖြစ်သောကြောင့်မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများ၏လမ်းညွှန်ခြင်း၊ဘာသာဝင်အပေါင်းတို့၏ ပူးပေါင်းအားပေးခြင်းတို့ဖြင့် ဤအဖွဲ့အစည်းကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အဖွဲ့အစည်း၏နာမည်ကို ရည်ရွယ်ချက်မှာ၊

**"အနုပညာရှင်များသည်လှပခြင်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သူများနှင့် လူသားထုအတွက် မျှော်လင့်ချက်၏ သက်သေခံများ၊ ကြေငြာဟောပြောသူများ ဖြစ်သည်ဟု ရဟန်းမင်း၏ မိန့်ကြားချက်ကို နလုံးသွင်းကာ ကက်သလစ် အနုပညာရှင် ဖန်တီးမှု အနုပညာရှင်များကို ဘုရားသခင်၏ ဘုန်းဂုဏ်တော်နှင့် အများကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိသည့် အနုပညာရှင်များ၊ မီဒီယာပရော်ဖက်ရှင်နယ်များဖြစ်စေရန်" ဖြစ်ပါသည်။**

အဖွဲ့အစည်းတွင် လုပ်ဆောင်ချက်သုံးချက်ရှိပါသည်။

**(၁)။ဝိညာဉ်ရေးရာကဏ္ဍ**

- အထူးသဖြင့် အာပတ်မှန်မှန်ဖြေခြင်းနှင့် ကိုယ်တော်မြတ်စက္ကရမင်တူးတို့ကို သဒ္ဒါကြည်ညိုခြင်းဖြင့် ဝိညာဉ်ရေးဆိုင်ရာအသက်တာ ဖွံ့ဖြိုးတိုးတက်၍ ကုသိုလ်ပါရမီတိုးပွားကာ ဘုရားကျေးဇူးတော် အကူအညီကို တိုးပွားစေရန်၊ အနုပညာရှင်များအချင်းချင်းအတွက် ဆုတောင်းမေတ္တာပို့သပေးကြရန်၊

- ကက်သလစ်သာသနာတော်၏ယုံကြည်ခြင်းအမွေအနှစ်များကို လူတိုင်း၏အသိတရားနှင့် စိတ်နှလုံးတွင် ခံယူရရှိကာ နားလည်သဘောပေါက်နိုင်ရေးနှင့် ရင်ဝယ်ပိုက်ထွေးနိုင်ရေးအတွက် ကက်သလစ်သာသနာတော်၏တမန်တော်လုပ်ငန်းကို နားလည်သဘောပေါက်၍ ပါဝင်ကူညီပံ့ပိုးပေးကြရန်၊

-မိမိတို့၏ဘဝအသက်တာသည် ဘုရားသခင်ထံမှရရှိသော ဘဝအသက်တာဖြစ်ကြောင်း၊ တန်ဖိုးရှိသော အသက်တာဖြစ်ရန်လိုအပ်ကြောင်း၊ မိမိတို့၏ အနုပညာဆိုင်ရာအစွမ်းအစများသည် လူမှုကျင့်ဝတ်၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့်အနုပညာ၏တန်ဖိုးအကျိုးကျေးဇူးများကို နားလည်အောင် အားပေးတိုက်တွန်းရန်၊

**(၂)။ ပညာရေးဆိုင်ရာမြှင့်တင်ပေးမှု**

အနုပညာတွင်အမှန်တရားနှင့်ကောင်းမြတ်မှုသည်ဆက်နွယ်မှုရှိကြောင်းဖေါ်ထုတ်ပေးရင်းအနုပညာ၏ အလှအပနှင့်အဓိပ္ပါယ်ကိုမြှင့်တင်ပေးရန်၊

အနုပညာလုပ်ငန်းအတွက်ကျမ်းစာတော်မြတ်ဝတ်ပြုကိုးကွယ်ခြင်းနှင့်ကက်သလစ်ဘာသာအစဉ်အလာတို့ကိုလေ့လာခြင်းဖြင့်ဘုရားသခင်ထံမှနှိုးဆော်မှုနှင့်လမ်းညွှန်မှုရရှိရန်

ခရစ်ယာန်သာသနာတော်၏ခေတ်အဆက်ဆက်မှ ဘာသာရေးဆိုင်ရာအနုပညာ (ဓမ္မသီချင်း၊ ပန်းချီ၊ပန်းပု) အမွေအနှစ်များအကြောင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့်အစဉ်အလာကောင်းများဖြစ်လာခြင်းအတွက် သာသနာတော်၏ အခန်းကဏ္ဍတို့ကိုနားလည် သဘောပေါက်ရန်လေ့လာဆည်းပူးရန်၊

**(၃)။ ညီအစ်ကိုမောင်နှမစိတ်ဓါတ်**

မိမိတို့၏ အနုပညာဆိုင်ရာအစွမ်းအစများကို နေ့စဉ်ဘဝသက်တာတွင် ဘုရားသခင်အတွက် သာသနာတော်နှင့်လူသားအားလုံးအကျိုးအတွက် မျှော်မှန်းလုပ်ကိုင်ကြသော ကက်သလစ်ဘာသာဝင် အနုပညာရှင်များ အဖွဲ့အစည်းကို တည်ဆောက်ရန်၊

အနုပညာရှင်များအကြားတွင် ထွန်းပေါက်ကျော်ကြားသော အနုပညာရှင်များ ပေါ်ထွက် လာမှုအတွက် အားပေး မြှင့်တင်ပေးသည့် အသိုင်းအဝိုင်းကိုတည်ဆောက်ရန်၊ မိမိတို့အား ဘုရားသခင်ပေးထားသည့် အစွမ်းအစများကို ပိုမိုထက်မြက်လာရန် အားပေးကူညီပြီး၊ အနုပညာလောကတွင်ထူးချွန်သော အနုပညာရှင်များ ဖြစ်လာခြင်းဖြင့် သူတို့၏လုပ်ငန်းသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေပြီး ဘုရားသခင်အတွက် နှစ်သက်မြတ်နိုးဖွယ်ရာ ပူဇော်သက္ကာရဖြစ်လာကာ၊ ဘုရားသခင်က လူသားများအပေါ်ပြနေသော ချစ်ခြင်းမေတ္တာဆုလက်ဆောင် ဖြစ်လာရေးအတွက် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရန်၊

စိတ်ကောင်းနှလုံးကောင်းရှိသည့် အနုပညာရှင်အားလုံးနှင့်မိတ်သဟာရဖွဲ့ကာ လက်တွဲလုပ်ကိုင် ဆောင်ရွက်ရန်။

**မြန်မာ ကက်သလစ်ဖန်တီးမှုအနုပညာရှင်များအဖွဲ့ ဖွဲ့စည်းပုံ**

နာယက ။ ဆရာတော်ကြီး ပီတာ လှုံးစ်ကျာခူး( လူထုဆက်သွယ်ရေးကော်မရှင်)

တာဝန်ခံ ။ ဘုန်းတော်ကြီးလီအို မန်

ဥက္ကဋ္ဌ ။ နွဲ့ယဉ်ဝင်း၊

ဒု- ဥက္ကဋ္ဌ ။ ဆယ်ရယ်

ပ-အတွင်းရေးမှူး။ မိုင်ကယ်ဂျင်ပီး

ဒု-အတွင်းရေးမှူး။ ဝင်းစတင်းသားကြီး

ပ-ဘ ဏ္ဍာရေးမှူး။ သံသာဝင်း

ဒု-ဘ ဏ္ဍာရေးမှူး။ အိုင်ရင်းမော်နီကား

စည်းရုံးရေးမှူး။ ချစ်သုဝေ နှင့်ချမ်းချမ်း

အဖွဲ့ဝင်များ ။ စာရင်းသွင်းထားသော အနုပညာရှင်များအားလုံးပါဝင်ပါသည်။

လေးနှစ်သာရှိသေးသော CCAA အဖွဲ့သည် မြန်မာနိုင်ငံကက်သလစ်သာနာကို မိမိတို့ တတ်နိုင်သည့်ဖက်မှ အစေခံလျက်ရှိပါသည်။ ပထမနှစ်တွင် "Jesus of Nazareth" ဓမ္မပြဇာတ်၌ပါဝင်ခြင်း၊ ဒုတိယနှစ်တွင် "ဗျာဒိတ်တော်" Live Show DVD ထုတ်လုပ်ခြင်း၊ တတိယနှစ်တွင် "Studio Trinia" လည်ပတ်ခြင်းနှင့် စတုတ္ထနှစ်တွင် "Trinita Star" မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဆုံး ကက်သလစ် ဓမ္မတေး သီချင်းဆိုပြိုင်ပွဲ ပြုလုပ်ခြင်းများကို မှတ်တမ်းတင်အပ်ပါသည်။ (cbcm-osc)

# ဖာသာရ်ဆေဘတ်စတီယာနိ R.I.P (ကျိုင်းတုံသာသနာ)




ဖာသာရ်ဆေဘတ်စတီယန်နိ(ကျိုင်းတုံသာသနာ)သည်(၅၊၈၊၂၀၁၆နံနက်(၁၀း၁၅)၌ဘုရားသခင်၏ ထာဝရပြန်လည်ခေါ်ဆောင်သွားခြင်းကိုခံခဲ့ရလေသည်။ ဖာသာရ်ဆေဘတ်စတီယန်နိ၏ ဇာတိမြေမှာ ဖယ်ခုံသာသနာမှဖြစ်၍ ကျိုင်းတုံသာသနာသို့ရာသက်ပန်ဆက်ကပ်ခဲ့သောရဟန်းတစ်ပါးဖြစ်ပါသည်။

ဖခင်၊ဦးအာဘေးလယ် မိခင် ဒေါ်ဘယ်ရောနီကာ ဖြစ်ပြီး၊မွေးခြင်း(၇)ယောက်ထဲမှ ဒုတိယ မြောက် သားရတနာဖြစ်ပါသည်။ (၁၇၊၀၈၊၁၉၆၂) ခုနှစ်တွင်မွေးဖွားသန့်ကာ (၁၇၊၀၈၊၁၉၉၂)တွင် သာသနာပိုင် ဆရာတော် အာဗြာဟံသန်း(ငြိမ်း)၏ လက်တော်မှထာဝရရဟန်းသိက္ခာကိုခံယူခဲ့ပါသည်။ ရဟန်းဘဝတစ်လျှောက်၌အခြေခံရဟန်းဖြစ်သင်ကျောင်း၏ လက်ထောက်ကျောင်းအုပ်အဖြစ်လည်းကောင်း၊ ဓမ္မသင်တန်းကျောင်း၏ ကျောင်းအုပ်အဖြစ်လည်းကောင်း၊ သီရိသာသနာအုပ်စု၏ ကျောင်းထိုင်အဖြစ်လည်းကောင်း၊ မိုင်းယန်းသာသနာအုပ်စု၏ကျောင်းထိုင်အဖြစ်လည်းကောင်း၊ နမ်းပန်းသာသနာအုပ်စုသို့လည်းကောင်း၊ အမှုတော်အသီးသီးထမ်းဆောင်ခဲ့ပါသည်။ သူသည်မြူးစီဝါသနာအလွန်ထုံသူ၊ အတီးအမှုတ်၌ ကျွမ်းကျင်သူဖြစ်ပြီး၊ မယ်တော်သီချင်းများကိုသီကုံးရေးသားခဲ့သူဖြစ်ပါသည်။

မိမိတို့၏သားကိုဘုရား၏အမှုတော်ဆက်ကပ်နိုင်ရန်ရက်ရောစွာလှူဒါန်းခဲ့သောမိဘ၊ ဆွေမျိုးသားချင်းများအနေဖြင့်လည်း ဝမ်းနည်းပူဆွေးမည်ဖြစ်သော်လည်းဘုရားသခင်ထံမှ နှစ်သိမ့်ခြင်းကျေးဇူးတော်ခံစားရစေရန်သာသနာအနေဖြင့်ဆုတောင်းပေးပါကြောင်းနှင့်ဖာသာရ်နေထိုင်မကောင်းဖြစ်နေစဉ် ငွေအား၊ လုပ်အား၊ ဆုတောင်းပေးခြင်း၊ သတင်းမေးမြန်းခြင်းများ ပြုခဲ့ကြသော အသိမိတ်ဆွေများအားလုံးနှင့် အဖက်ဖက်မှကူညီပေးခဲ့ကြသောဓမ္မမိတ်ဆွေများအားလုံးအားလည်း သာသနာအနေဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ **(Credit to Cle Pike)**

# ကိုရင်(၅)ပါး ဦးပဉ္ဇင်းကြီးသိက္ခာတင်ပွဲ

မန္တလေးမြို့ ၈၂လမ်း ၂၆×၂၅ လမ်းကြားရှိ ရွှေနှလုံးတော် ကာသီဒြယ် ဘုရားကျောင်းတွင် ၄၊၈၊၂၀၁၆ နံနက်(၇)နာရီတွင် မန္တလေးကက်သလစ် သာသနာမှ ကိုရင်များဖြစ်ကြသော Bro. Anthony Kyaw Kyaw Htay ,Bro.Eugene Stephen Chit Soe Oo , Bro.Firmin Aung Kyaw Zaw , Bro.Prter Than Naing Oo , Bro.Richard Kyaw Myo Hlaing တို့အား မန္တလေးကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီးနီကောလားစ်မန်ထန်းက ဦးပဉ္ဇင်းကြီးသိက္ခာ ပေးအပ် ခြင်း အခမ်းအနား ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆရာတော်ကြီးနီကောလားစ်မန်ထန်းမှလည်း ဩဝါဒမြွက်ကြား ရာတွင် "ဒီမနက်မှာ ဘုရားသခင်ပေး သနားတော်မူပြီးလူ့ရဲ့ ဦးနှောက်နှင့် ဘယ်လိုမှစဉ်းစားဆုံးဖြတ်လို့ နားမလည်နိုင်တဲ့ မေတ္တာတရားကြီး လူတွေအပေါ်မှာသက်ရောက်ပါပြီ။ အထူးသဖြင့် ဒီဦးပဉ္ဇင်းကြီးငါးပါးကို လူတွေ ကြားထဲကနေထပ်မံပြီးရွေးချယ်လိုက်ပါပြီ။ ဦးပဉ္ဇင်းကြီးများရဲ့ ထူးခြားသောခေါ်တော်မူခြင်းကတော့ ဘုရားသခင်ရဲ့ နှုတ်တော်ထွက်စကားကို လောကမှာ လူ့အသိုင်းအဝိုင်းမှာ အများသူငါရဲ့ ကယ်တင်ခြင်းအတွက်အဓိကထားပြီးလုပ်ဆောင်ရတော့မည့် ဘုရားသခင်ရဲ့ ခေါ်တော်မူခြင်းခံရတဲ့နေ့ဖြစ်တယ်။ ဒ့ါအပြင် သူတို့ရဲ့ ဒီနေ့ခေါ်တော်မူခြင်းဟာမေတ္တာ၊ ကရုဏာလုပ်ငန်း၊ ဘုရားရဲ့လူသားတွေအပေါ်မှာ အဓိက ထားတဲ့အရာ အားလုံးကိုဖြတ်ကျော်ပြီးမှ ရတဲ့ခေါ်တော်မူခြင်းဖြစ်တယ်။

ဦးပဉ္ဇင်းတွေရဲ့ခေါ်တော်မူခြင်းဟာဘုရားသခင် ကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့်ချစ်ပါ။ သူတစ်ပါးကိုလည်း ကိုယ်ရှင်ကဲ့သို့ ချစ်ပ့ါမယ်ဆိုတဲ့ အရာအားလုံးကို ဘုရား မပါပဲမရဘူး။ လူ့ဘဝဆိုတာ ဘုရားမပါရင်လုံးဝမရဘူး။ လူ့ဘဝကို ဘုရားထံမှာပဲမြုပ်နှံနိုင်မှ သူ့ခေါ်တော်မူခြင်းဟာအဓိပ္ပာယ်ရှိတဲ့ဘဝ၊ အဓိပ္ပာယ်ရှိတဲ့ ခေါ်တော်မူခြင်းဖြစ်တယ်။ ဒါတွေကို ကျွန်ုပ်တို့ ကိုယ်တိုင်ကကျင့်ပြီးမှသူတစ်ပါးကိုလည်း ဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ အားကိုးနိုင်သူဖြစ်မယ်။ အဲဒီလိုနေနိုင်ခြင်းဟာ ဆုတောင်းမေတ္တာကြောင့်ပဲဖြစ်တယ်။ ဒါကဘဝတစ်ခုလုံးကို အပ်နှံပြီးမှ ဘုရားသခင်ရဲ့ ဘဝထဲမှာ အပြည့် အဝနေနိုင်ခြင်းပဲဖြစ်တယ်။

ဒီနေ့ဟာထူးခြားတဲ့ ဘုရားသခင်ရဲ့ဖြစ်ရပ်ကို လူတွေအလယ်မှာပြန်ပြီးမှ ဖောက်သည်ချကာ သူတို့ကိုယ်တိုင်ကနေကျင့်ပေးရတဲ့ခေါ်တော်မူခြင်းက ဦးပဉ္ဇင်းတွေပဲဖြစ်ပါတယ်။ အဲဒီလိုမေတ္တာနှင့်ခေါ်တော်မူခြင်းကများပြားတဲ့အတွက်တကယ့်ကိုဘုရားနှင့် ပေါင်းစည်းပြီးသူတစ်ပါးကိုလည်းကိုယ်တော်ရှင်ကဲ့သို့ချစ်မယ်၊ဘုရားမပါရင်မပြီးဘူးဆိုတဲ့ ခံယူချက်သုံးပါးကို သိရတဲ့ ဦးပဉ္ဇင်းကြီးများဟာ ထူးခြားတဲ့သူများဖြစ်တယ်။ ဒါကြောင့်မို့ ဘာသာတူများ အားလုံးပါဝင်ပြီး ဦးပဉ္ဇင်း(၅)ပါးခံယူကြမယ့်သစ္စာ၊ သမ္မာဓိ ခံယူချက်တွေကို ပြည့်ပြည့်စုံစုံနဲ့ ဆောင်ရွက်နိုင်ကြပါစေလို့ မေတ္တာပို့ကြပါစို့။ အားလုံးဝိုင်းဝန်းပြီးမှ ဆုတောင်းပေးကြပါစို့။ ထိုက်တန်စွာနဲ့ ဘုရားသခင်ထူးခြားတဲ့ ကောင်းချီးမင်္ဂလာပေးတဲ့ဒီနေ့မှာ သန့်သန့်ရှင်းရှင်းနဲ့ထိုက်တန်တဲ့ပူဇော်ခြင်းကို လုပ်ဆောင်နိုင်ဖို့ရန် ကိုယ်စီရဲ့အပြစ်များကိုဝန်ချတောင်းပန်ပြီး ဆုတောင်းပေးကြပါစို့"ဟု မြွက်ကြားခဲ့သည်။ အခမ်းအနားအပြီးတွင် Dec. Eugene Stephen Chit Soe Oo မှ အားလုံးကိုယ်စား ကျေးဇူးတင်စကားပြောကြားရာတွင်ကြွရောက်လာကြသောဆရာတော်ကြီး၊ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်ကျေးဇူးရှင်မိဘ၊ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းများအားလုံး နှင့်တကွ ဘာသာတူ မိတ်ဆွေများ၊ အလှူရှင်များ အားလုံးတို့အား အထူးကျေးဇူးတင်ပါကြောင်းပြောကြားခဲ့ပါသည်။ Pinky(MDY-OSC)

## CBCM-Herald အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးဩဂုတ်စတင်းမိသားစု (ရန်ကုန်) | ၅ ၀၀၀ |
| ၂ | ဦးဂျွန်မိသားစု (ပြင်ဦးလွင်) | ၁၀ ၀၀၀ |
| ၃ | ဒေါ်စန်းကြည်(လားရှိုး) | ၂ ၀၀၀ |
| ၄ | ဒေါ် မယော်နန် (လားရှိုး) | ၃ ၅၀၀ |
| ၅ | ကျောင်းဒကာ မာတီယာဦးမောင်ဖိုး နောင်ယား(ခ) လွိုင်ကော်မှ ဘုရားသခင်အားကျေးဇူးတင်ခြင်းအတွက်ဩဂုတ်လတစ်လစာ | ၃ ၀၀၀ |
| ၆ | ပါစကားမန်စွမ်းလျံ၏ အသက်(၃၀)နှစ်ပြည့်မွေးနေ့အတွက် ကျေးဇူးတင်ရှိလျှက် သူ၏ခံစားရသော၊ စိတ်ဖိစီးခြင်း၊ စိတ်ဝေဒနာများ၊ ရှိလျှက်မသိသောရောဂါများ၊ ရှိရန်တာစူနေသောရောဂါများအတွက် ဆုတောင်းပေးကြရန်နှင့်နှစ်(၁၀၀)ကျော်တိုင်အောင်အဖဘုရားသခင်အား ယုံကြည်ကိုးစားလျက်ကောင်းချီးမင်္ဂလာများခံစားရရန် | ၅၀ ၀၀၀ |

# တောင်ငူသာသနာမှဦးပဉ္ဇင်းသိက္ခာခံယူခြင်း



တောင်ငူဂိုဏ်းအုပ်သာသနာ၊ ယေရှုးရွှေနှလုံးတော် ဘုရားကျောင်းတော်ကြီး၌ (၁၅၊၇၊၂၀၁၆)နေ့တွင် သံတောင်တိုက်နယ်မှ Bro.Rubyနှင့် လိပ်သိုတိုက်နယ်မှ Bro. Phillip တို့သည် တောင်ငူဂိုဏ်းအုပ်ဆရာတော်ကြီး အိုက်ဇက်ဓါနလက်တော်မှဒီကင်သိက္ခာကိုခံယူခဲ့ကြပါသည်။ ၎င်းအခမ်းအနားတွင် ရဟန်းတော်(၃၅)ပါး၊ Brotherများ၊ သီလရှင်များ၊ မိဘဆွေမျိုးနှင့် ဘာသာတူစုစုပေါင်း(၆၀၀)ကျော်ပါဝင်ဝတ်ပြုခဲ့ကြပါသည်။ **ဒက်ရှုးမယ်(ISR)**


See you at
WYD
PANAMA
2019
၂၀၁၉ ခုနှစ် ကမ္ဘာ့လူငယ်များနေ့

ကျင်းပမည့်နေရာ .စာ(၆)


သုံးလပတ်
နေ့တစ်ပိုင်း
ဝတ်စောင့်
ခြင်းအစည်း
အဝေးနှင့်...
..စာ(၁၄)


ကမ္ဘာ့လူငယ်ပွဲတော်သို့ တက်ရောက်ခဲ့
သော မြန်မာနိုင်ငံမှ လူငယ်ခေါင်းဆောင်
ဘုန်းတော်ကြီးများ


မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဓမ္မတေး သီချင်းဆိုပြိုင်ပွဲ
နောက်ဆုံးအဆင့် ပြိုင်ပွဲဝင် (၅)ဦး


ဦးပဥ္စင်းကြီးသိက္ခာတင်ပွဲ.....စာ(၁၉)


ဘင်္ဂလားဒေ့ရှ်ကက်သလစ်အသင်း
တော်က......စာ(၉)


ဂျပန်နိုင်ငံရှိဘုရားကျောင်း.
..စာ (၉)